# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၇ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၈၉)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၆**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahlstromအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

## တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahlstrom နှင့် အတူ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles James Petrie လည်း တက်ရောက်သည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahlstrom တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahlstrom အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (ယာပုံ) **နှင့် လက်ခံတွေ့ဆုံစဉ်။** (အောက်ပုံ)

(သတင်းစဉ်)

**မြန်မာ့အလင်း ဆောင်းပါးအညွှန်း**

**ဖားမင်းဆွေ စက်ဘီးစီးနေသည်၊**
**လမ်းဘေးဖုန်းကို သုံးနေသည်**

**လမ်းမပေါ်ဆန္ဒပြခြင်းသည် သတ္တိမဟုတ်။ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ကိုယ်ကျိုးစွန့် လုပ်ဆောင်ခြင်းသည်သာ သတ္တိဖြစ်ကြောင်း။ ဘယ်သူခွဲခွဲ သွေးမကွဲဘဲ စည်းလုံးညီညွတ်ခြင်းသည်သာ သတ္တိအင်အားဖြစ်ကြောင်း မြန်မာတို့ သိရှိလာကြပါပြီ။**

ငါးမင်းဆွေ၏ ဆောင်းပါး (စာ–၈၊ ၉)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဧပြီလ ၇ ရက်)

# ဈေးကွက်၌ သီးနှံများဝယ်လိုအားမြင့်မား အထွက်နှုန်းကောင်း သီးနှံများ စိုက်ပျိုးထုတ်လုပ်

မြန်မာနိုင်ငံတွင် သီးနှံမျိုးစုံစိုက်ပျိုးနိုင်သည့် ရေ၊ မြေ၊ ရာသီဥတု အခြေခံကောင်းများရှိသည်။ ယခုလက်ရှိတွင် သစ်သီးဝလံအမျိုးပေါင်း ၇၀ ကျော် အပါအဝင် ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင် သီးနှံအမျိုးပေါင်း ၁၀၀ ခန့်ကို စိုက်ပျိုးလုပ်ကိုင် လျက်ရှိသည်။

သစ်သီးဝလံစိုက်ဧက တစ်သန်းရှစ်သိန်း၊ ဟင်းသီးဟင်း ရွက်စိုက်ဧက တစ်သန်းခန့်နှင့် စားဖိုဆောင်သီးနှံများဖြစ်သည့် ငရုတ်၊ ကြက်သွန်၊ အာလူး စသည့်သီးနှံဧက ခြောက်သိန်းခွဲကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ယခုအခါ ပြည်သူများသည် အာဟာရနှင့် ကျန်းမာရေးရှုထောင့်အရ ဆန်၊ အသား၊ ငါး၊ ဥများထက် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ပိုမိုနှစ်ခြိုက်စွာ စားသုံးလာကြသည်။

နိုင်ငံအတွင်း ထွက်ရှိသည့် သီးနှံအများစုသည် ပြည်တွင်းစားသုံးမှုကို ဖူလုံစေရုံသာမက ပြည်ပနိုင်ငံများသို့ပင် တင်ပို့လျက်ရှိရာ ၂၀၀၆ ခုနှစ်တွင် သရက်သီးတန်ချိန် နှစ်သောင်း ခြောက်ရာကျော်၊ သခွားမွေးတန်ချိန် တစ်သောင်းခြောက်ထောင်ကျော်၊ မန်ကျည်း တန်ချိန် လေးထောင်ကျော်၊ ဖရဲသီးတန်ချိန် ခုနစ်သောင်းသုံးထောင်ကျော်နှင့် ဆီးသီးတန်ချိန် သုံးထောင့် နှစ်ရာကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ပြည်တွင်း၊ ပြည်ပတင်ပို့ရောင်းချရာတွင် အရေအတွက်နှင့် အရည်အသွေး ကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေးကိုရည်မှန်းပြီး နိုင်ငံတော်က သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်မှု နည်းပညာအခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ်လ ၂ ရက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ကျင်းပခဲ့သည်။

သင်တန်းမှ ရရှိလာသည့် အတွေ့အကြုံ ဗဟုသုတများကို အခြေခံကာ အထွက်နှုန်း ပိုမိုကောင်းမွန်သည့် သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ထုတ်လုပ်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။

သို့ဖြစ်ရာ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ အရေအတွက်နှင့်အရည်အသွေး ပိုမိုကောင်းမွန်စွာ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်သည်နှင့်အမျှ ဈေးကွက်၌ ဝယ်လိုအားမြင့်တက်ပြီး နိုင်ငံခြားဝင်ငွေ တိုးပွားရရှိစေမည်ဖြစ်သဖြင့် တစ်မျိုးသားလုံး၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ဆန္ဒရှိသူများနှင့်ဖွဲ့စည်းထား

ရန်ကုန် ဧပြီ ၆

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahistrom နှင့် အဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ ဗဟိုအလုပ်အမှုဆောင်ဦးအောင်သိန်းလင်းနှင့် ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရှင်းလင်းပြောကြား

တွေ့ဆုံပွဲတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahistrom နှင့် အဖွဲ့အား နိုင်ငံသားအားလုံးက လိုလားတောင့်တနေကြသည့် ရည်မှန်းချက်ပန်းတိုင်ကို ရရှိစေရေးအတွက် ချမှတ်ထားသော အမျိုးသားရေးမူဝါဒနှင့် ဦးတည်ချက် (၁၂)ရပ် အတိုင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိသူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဖွဲ့စည်းထားကြောင်း၊ အသင်းကြီး၏ ရည်ရွယ်ချက်၊ အခြေခံမူ၊ ရှေ့လုပ်ငန်းစဉ်များအတိုင်း ပါဝင်ဆောင်ရွက်မှုအခြေအနေများနှင့် ရရှိနေသော ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### လူသားချင်းစာနာမှုအကူအညီ

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏လှုပ်ရှားဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းကို ပြသရှင်းလင်းသည်။ဆက်လက်၍လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahistromက ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေး ကိစ္စရပ်များဆိုင်ရာနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက်အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahistrom နှင့် အဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

**(သတင်းစဉ်)**

**ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) ၃၀ ရပ်ကွက် ဆောင်းဟေမာန်အိမ်ရာ တိုက် ၂ အခန်း ၆နေ ဦးမြင့်ဌေး၊ ဒေါ်အေးအေးမွန်၊ ညီ ဦးကျော်ဇင် ထွန်း၊ သား မောင် ထင် အောင်ဇော်၊ သမီး မစုသက်နိုင် မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## ခရမ်းမြို့ ကံသာကျောင်းတိုက် တရားစခန်းဖွင့်မည်

**ရန်ကုန် ဧပြီ ၆**

ရန်ကုန်တောင်ပိုင်းခရိုင်ခရမ်းမြို့ ကံသာကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိက ဦးစီးလျက် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း စတုတ္ထအကြိမ်ခုနစ်ရက် တရားစခန်းကို ဧပြီ ၁၀ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ကမ္မဋ္ဌာနာစရိယ ဆရာတော်အဖြစ် ဘဒ္ဒန္တ ဇောတိကနှင့် မဟာသဒ္ဓမ္မကထိက ဆရာကြီး ဦးကျော်နိုင် (မန္တလေး) တို့က ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောပြောပို့ချမည် ဖြစ်သည်။

တရားစခန်း ဝင်ရောက်မည့် ဆရာတော်၊ သံဃာတော်များနှင့် ယောဂီများအတွက် ပါဝင်လှူဒါန်းလိုသူများသည် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၁-၃၉၀၁၃၀ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၇-၄-၂၀၀၇ (စနေနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**နေ့လယ်ပိုင်း**

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၂၅ ၅။ ကျန်းမာသုတ
- ၁၂း၃၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **ရင်ရိုပ်ရေစက်သကြီန်လက်ဖြင့်** သရုပ်ဆောင်- ခန့်စည်သူ၊ မျိုးစန္ဒီကျော် [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၁၃း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ခါသကြီန်အဆိုအကများ
- ၄း၂၀ ၄။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၄း၃၅ ၅။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅း၃၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၈။ နိုင်ငံတကာသတင်း
- ၆း၂၀ ၉။ မိုးလေဝသသတင်း
- ၆း၂၅ ၁၀။ ခါသကြီန်အဆိုအကများ
- ၆း၃၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၂။ လျှပ်တစ်ပြက်
- ၆း၄၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၃၈)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ English Premier League ဘောလုံးပွဲ Portsmouth Vs Manchester United (Live)

**သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နေ ဦးသန်းလွင်-(ဒေါ်ရီရီမြင့်) မိသားစုက ရန်ကုန်တိုင်းဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင်ဆောက်လုပ်နေသောခြောက်ထပ် ဆေး ရုံ သစ် ကြီး အတွက် အလှူငွေကျပ်ငါးသိန်းကို အလှူရှင်ကိုယ်စား လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။** (က-ပ)

# ဝန်ကြီး ဦးစိုးသာအား ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေး ကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ်နှင့်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဧပြီ ၆**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahlstrom နှင့် အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# အထက်သံလွင်မြစ် ရေအားလျှပ်စစ်စီမံကိန်းအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဧပြီ ၆

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် နေပြည်တော်ရှိအမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ All-China Federation of Industry and Commerce မှ Vice President Mr. Zheng Yuewen နှင့် အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် လက်ခံတွေ့ဆုံသည်။**

## ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ All-China Federation of Industry and Commerce မှ Board Chairman, CEO Mr. Li Hejun နှင့် တာဝန်ရှိသူများ၊ အေးရှားဝေါ်လ်ကုမ္ပဏီမှ ဦးထွန်းမြင့်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အထက်သံလွင်မြစ် ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

## ကျင်းပ

ယင်းနောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ FARSIGHTED Investment Group Company Limited and Gold Water Resources Limited တို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထက်သံလွင်မြစ် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုနားလည်မှု စာချွန်လွှာ နှစ်ဖက်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဧပြီ ၅ ရက် ညနေပိုင်းက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## တက်ရောက်

အဆိုပါလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ All-China Federation of Industry and Commerce မှ Vice President Mr. Zheng Yuewen နှင့် အဖွဲ့ဝင်များ၊ FARSIGHTED Investment Group Company Limited မှ တာဝန်ရှိသူများ၊ Gold Water Resources Limited မှ တာဝန်ရှိသူများ၊ အေးရှားဝေါ်လ်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

အခမ်းအနား အစီအစဉ်အရ ရှေးဦးစွာ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အဖွင့်အမှာစကား ပြောကြားပြီးနောက် All-China Federation of Industry and Commerce မှ Vice President Mr. Zheng Yuewen က အမှာစကားပြောကြားသည်။

## လက်မှတ်ရေးထိုး

ယင်းနောက် Board Chairman, CEO Mr. Li Hejun က ကျေးဇူးတင်စကားပြောကြားပြီးနောက် နှစ်ဖက်သဘောတူညီချက် စာချွန်လွှာအား ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် Board Chairman, CEO Mr. Li Hejun တို့က လက်မှတ်ရေးထိုးကြပြီးနောက် စာချွန်လွှာများကို အပြန်အလှန် လဲလှယ်ကြသည်။ ယင်းနောက် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

## အကောင်အထည်ဖော်မည်

ယနေ့ လက်မှတ်ရေးထိုးသော သဘောတူညီချက် စာချွန်လွှာအရ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် Farsighted Group Co., Ltd. တို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) သံလွင်မြစ်အထက်ပိုင်း၌ မဂ္ဂါဝပ် ၂၄၀၀ခန့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

■ *ကျောဖုံးမှ*

## တက်ရောက်အားပေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူး၊အဖွဲ့ဝင်များ လိုက်ပါလျက် နံနက် ၇ နာရီခွဲတွင် ရေးမြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပသော ရေးမြို့နယ် ပြည်သူ့ဆေးရုံ ခုတင်(၅၀) ဆံ့ တိုးချဲ့လူနာဆောင်နှင့် ခွဲစိတ်/သားဖွား နှစ်ထပ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

## ဖွင့်လှစ်ပေး

အစီအစဉ်အရ ဆေးရုံအဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားကို အဆောက်အအုံသစ် မုခ်ဦးရှေ့၌ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်ညွန့်စိန်တို့က ဆေးရုံသစ် အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ရေးမြို့နယ် ပြည်သူ့ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးတိုင်းမှူး၊ ဧည့်သည်တော်များနှင့်အတူ ဆေးရုံသစ်အဆောက်အအုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

## ကြည့်ရှုအားပေး

ဆက်လက်၍ဆေးရုံသစ်အဆောက်အအုံအောက်ထပ်၌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်နှင့် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ စီစဉ်မှုဖြင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ စိတ်ရောဂါအထူးကု၊ မျက်စိရောဂါအထူးကု၊ နားနှာခေါင်း လည်ချောင်းအထူးကု၊အရိုးရောဂါအထူးကု၊သားဖွားနှင့်မီးယပ်ရောဂါအထူးကု၊ အထွေထွေရောဂါအထူးကု ကလေးအထူးကုနှင့် ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက ဒေသခံပြည်သူများအား ပြုစုကုသပေးနေမှုအခြေအနေများနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ကူညီပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ရေးမြို့နယ် ခုတင်(၅၀)ဆံ့ တိုးချဲ့အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆောက်အအုံရှေ့ရှိ မဏ်လာမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက မွန်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## လွှဲပြောင်းပေးအပ်

ယင်းနောက် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက်မှ ဒေသခံ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး တိုးချဲ့လူနာဆောင်နှင့် ခွဲစိတ်/သားဖွား နှစ်ထပ် အဆောက်အအုံသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ တင်ဝင်းကျော်ထံ ဟုမ်းတောက် ဆောက်လုပ်ရေးအဖွဲ့မှ မန်နေဂျင်းဒါရိုက်တာ ဦးချန်စိန်က လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ဟုမ်းတောက်ဆောက်လုပ်ရေးအဖွဲ့မှ ဒါရိုက်တာ ဦးမိုးကျော်က ဆေးရုံတိုးချဲ့ အဆောက်အအုံသစ် ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အလံများကို ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ရေးတပ်နယ်မှ ဗိုလ်မှူးချုပ်ချိုထွန်းအောင်နှင့် တာဝန်ရှိသူများအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ နံနက် ၈ နာရီခွဲတွင် ရေးမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရေးမြို့နယ်မှ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် နံနက် ၁၀ နာရီခွဲတွင် ရေးမြို့ တပ်နယ်ခန်းမ၌ ရေးတပ်နယ်မှ အရာရှိ၊စစ်သည်နှင့်မိသားစုဝင်များနှင့် တွေ့ဆုံ၍လိုအပ်သည်များမှာကြားသည်။

## ထောက်ပံ့ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းတို့က ရေးတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့ မိသားစုများအတွက် အဝတ်အထည်နှင့် အိမ်သုံးပစ္စည်းများကို မိသားစုဝင်များအား အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် နံနက် ၁၁ နာရီတွင် ရေးမြို့နယ် ခြံစည်းရိုးကြက်ဆူပျိုးခြံ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပျိုးပွဲတော်သို့ တက်ရောက်အားပေးသည်။

အစီအစဉ်အရ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့က လူမှုရေး အသင်းအဖွဲ့များအားခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို ပေးအပ်ကြသည်။

ဆက်လက်၍ရေးတပ်နယ်မှဗိုလ်မှူးချုပ် ချိုထွန်းအောင်က ရေးမြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများအား ခြံစည်းရိုးကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့များကို ပေးအပ်သည်။

## ပျိုးထောင်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ခြံစည်းရိုးကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များ၌ စတင်ပျိုးထောင်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ခြံစည်းရိုးကြက်ဆူပျိုးထောင်ပွဲ၌ ပျိုးထောင်ကြသူများအား လိုက်လံအားပေးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရေး-သံဖြူဇရပ်-မုဒုံ ကားလမ်းအတိုင်းထွက်ခွာကြပြီး မွန်းလွဲ ၁ နာရီခွဲတွင်မုဒုံမြို့နယ် ဘဲရမ်းကျေးရွာ နွှေစပါးအထူးဇုန် ဧက ၁၀၀၀ သို့ ရောက်ရှိကြပြီး နွှေစပါးအထူးဇုန်၌ ခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့နေမှု၊ အစိုဓာတ်တိုင်း ကိရိယာဖြင့် စပါးစေ့များအား အစိုဓာတ်တိုင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

## စိုက်ပျိုးမှု

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ မုဒုံမြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က မုဒုံမြို့နယ်အနေဖြင့် မိုးစပါး ၁၀၃၆၄၉ ဧက၊ နွှေစပါး ၁၃၇၀၃ ဧကစိုက်ပျိုးမှု အခြေအနေ၊ နွှေစပါးကို ဆည်ရေဖြင့် ၇၀၆၈ ဧက၊ ချောင်းပိတ်မြောင်းပိတ်ဖြင့် ၆၁၃၅ ဧကနှင့် ဆည်ငယ်ရေတံခါးတို့ဖြင့် ဧက ၅၀၀ စိုက်ပျိုးမှုအခြေအနေ၊ ဆန်ဖူလုံမှု ၁၇၁ ဒသမ ၂၃ ရာခိုင်နှုန်းရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းက မွန်ပြည်နယ်အနေဖြင့် မိုးစပါး ၉၇၅၃၃၈ ဧက၊ နွှေစပါး ၁၃၀၃၉၂ ဧကစိုက်ပျိုးပြီးစီးမှုနှင့် ဒေသဆန်ဖူလုံမှု ၁၇၀ ဒသမ ၅၄ ရာခိုင်နှုန်း ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မွန်းလွဲ ၂ နာရီတွင် မုဒုံ-မော်လမြိုင်လမ်း မိုင်တိုင် အမှတ်(၉/၂)ဖားအောက်ကျေးရွာအနီးရှိ နည်းပညာတက္ကသိုလ်(မော်လမြိုင်) ပင်မသုံးထပ်ဆောင် တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

## ဆောင်ရွက်နေမှု

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီး ဒေါက်တာချောမြတ်နွယ်ကနည်းပညာ တက္ကသိုလ်(မော်လမြိုင်)၏ နောက်ခံသမိုင်း ပေးအပ်ချီးမြှင့်သည့် ဘွဲ့၊ ဒီပလိုမာ အမျိုးအစားများ၊ သင်ကြားပေးနေသော ဘာသာရပ်များ၊ကျောင်းသားကျောင်းသူဦးရေနှင့် ဆရာ ဆရာမ ဦးရေတို့ကို လည်းကောင်း၊ ပင်မဆောင် ဆောက်လုပ်ရေးတာဝန်ယူထားသော Collective Triangles Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဆန်းမြင့်က ပင်မသုံးထပ်ဆောင်ကို အလျား ၅၁၃ ပေ၊ အနံ ၃၅၈ ပေ ဆောက်လုပ်ထားပြီးစာသင်ခန်း ၃၈ ခန်း၊ အစည်းအဝေးခန်းတစ်ခန်း၊ အုပ်ချုပ်ရေးခန်း တစ်ခန်း၊ ရုံးခန်းတစ်ခန်း၊ ကျောင်းအုပ်ကြီးရုံးခန်းတစ်ခန်း၊ဓာတ်ခွဲခန်းတစ်ခန်း၊ သန့်စင်ခန်း ၁၂ ခန်းနှင့် ဆင်ဝင်ခန်း တစ်ခန်း ပါဝင်မည်ဖြစ်ပြီး လုပ်ငန်းအားလုံး ၉၁ ဒသမ ၉၄ ရာခိုင်နှုန်းပြီးစီးကာ အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ပင်မဆောင်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ဆဲနည်းပညာ တက္ကသိုလ် (မော်လမြိုင်) သုံးထပ် ပင်မဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့သို့ ဆက်လက်ထွက်ခွာကြပြီး မော်လမြိုင်မြို့၌ ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့**

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

**၂၀၀၇ ခုနှစ် ဧပြီလအတွက်**

**(၈-၄-၂၀၀၇) ရက်နေ့ နှင့် (၂၉-၄-၂၀၀၇)ရက်နေ့**

**ကမ္ဘာ့ ကျန်းမာရေးနေ့**

**၂၀၀၇ ခုနှစ် ဧပြီ ၇ ရက်**

**WORLD HEALTH DAY**

**7-4-2007**

**အနာဂတ်ဘဝလုံခြုံဖို့ ကျန်းမာရေးအတွက် ရင်းနှီးစို့**

**"Invest in health, build a safer future"**

**ကျန်းမာရေးဝန်ကြီးဌာန**

❒ ကျောဖုံးမှ

## တက်ရောက်

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

## အမှာစကားပြော

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဆင်း အမှာစကားပြောကြားရာ၌ မျက်မှောက်ကာလသည်နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်နေသည့်ကာလဖြစ်ကြောင်း၊ ခေတ်ဟောင်း စနစ်ဟောင်းက ပြည်သူများလိုးလာ တောင့်တနေကြသည့် ခေတ်သစ်စနစ်သစ်ကို အစီအစဉ်ရှိရှိ တစ်ဆင့်ပြီးတစ်ဆင့် ညင်သာစွာ ပြောင်းလဲတည်ဆောက်နေသည့် ကာလဖြစ်ကြောင်း။

ပြောင်းလဲ ဖြစ်ပေါ်လာနေသည့် နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် အစဉ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအုတ်မြစ်များကို အခိုင်အမာ တည်ဆောက်ပေးနေသည့် ကာလလည်းဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် မရှိမဖြစ် အခြေခံလိုအပ်ချက်တစ်ခုမှာ တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း။

## ရှိနေဆဲ

နိုင်ငံတော်၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် လွတ်လပ်ရေး ရပြီးစကာလတွင် နယ်ချဲ့တို့၏ သွေးခွဲလုပ်ဆောင်ခဲ့မှုကြောင့် တိုင်းရင်းသားညီနောင်များအတွင်း သံသယစိတ်များနှင့်အထင်အမြင်လွဲမှားမှုများဖြစ်ပေါ်ခဲ့ကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် ပါတီတွင်းအုပ်စုခွဲ၊ သင်းခွဲ၊ ဂိုဏ်းခွဲ ပဋိပက္ခများလည်း ပေါ်ပေါက်လာခဲ့ကြကြောင်း၊ လက်နက်ကိုင်ဆန့်ကျင်မှုများအထိ ပေါ်ပေါက်လာခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ယနေ့ကာလအထိ အရိုးစွဲအောင် သွေးခွဲခံခဲ့ကြရသည့် တိုင်းရင်းသားအချို့၏ လက်နက်ကိုင်ဆန့်ကျင်မှုများ ရှိနေဆဲပင်ဖြစ်ကြောင်း။

## လက်တွဲ

တည်ငြိမ်အေးချမ်းမှု ပျက်ပြားလျှင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်တည်ဆောက်နိုင်ခြင်း မရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ သို့သော် ယနေ့ ယခုအချိန်အခါလောက် တည်ငြိမ်အေးချမ်းမှုကို မရခဲ့သည်ကို မှန်ကန်စွာ ရှုမြင်နိုင်ကြမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၇)ဖွဲ့ အပါအဝင် အစုအဖွဲ့များနှင့် မိသားစုများက နိုင်ငံတော်အစိုးရ၏ ဖြောင့်မတ်ရိုးသားတည်ကြည်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး သဘောထားကို နားလည်ယုံကြည်လက်ခံပြီး နိုင်ငံတော်၏ ဒေသအသီးသီး၌ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူ လက်တွဲပြီး ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

## အဓိကကျ

တည်ငြိမ်အေးချမ်းမှု ရလာသည်နှင့်အမျှ နိုင်ငံတစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထူးဒေသကြီး ၂၄ခုစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြကြောင်း၊ လက်တွေ့ဘဝ၌ တည်ငြိမ် အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတွက်တိုင်းရင်းသားညီအစ်ကိုတော်များအတွင်း နားလည်မှု၊ စာနာမှု၊ ယုံကြည်မှု တိုးတက်ဖြစ်ပေါ်စေရန် အချင်းချင်း ကူးလူးဆက်ဆံ ပေါင်းသင်းရေးသည်လည်း အဓိကကျသည့် အချက်တစ်ခုဖြစ်ကြောင်း။

## ဝိုင်းဝန်း

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးသည် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ကြရသည့် လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း၊ နေ့ချင်းညချင်း နတ်ရေကန်ထဲ ချလိုက်သကဲ့သို့ ပေါ်ပေါက်လာနိုင်သည်မျိုးမဟုတ်ဘဲအဆင့်ဆင့်အချိန်ပေးတည်ဆောက် အကောင်အထည်ဖော်ကြရခြင်း ဖြစ်ကြောင်း၊ ဖြစ်လိုရလိုသည့်ဆန္ဒများ ချက်ချင်းမရနိုင်မှုအပေါ် အပြစ်ပုံချနေ၍ မရဘဲ ကြိုးပမ်းအကောင်အထည် ဖော်နေမှုများအပေါ် နားလည်စာနာစိတ်နှင့် အသိအမှတ်ပြုကြရမည်ဖြစ်ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် ရရှိလာသည့် အကျိုးအမြတ်ဖြစ်ထွန်းမှုများကို ပိုမိုတိုးတက်အောင် ဝိုင်းဝန်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

## သိမြင်ခံစား

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မှန်ကန် ခိုင်မာသည့် လက်တွေ့ကျသည့်လမ်းစဉ်၊ စေတနာပါသည့် အကောင်အထည်ဖော်မှု၊ မှန်ကန်သည့် ဦးဆောင်မှုများနှင့်သာ တည်ဆောက်အကောင်အထည်ဖော်ကြရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်းတွင် မည်သည့်ခေတ် မည်သည့်အခါကနှင့်မှ မတူသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ယနေ့ရရှိနေပြီဖြစ်ကြောင်း။

## ဝင်ရောက်လာ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များသည် အမျိုးသားရေးတာဝန်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းကြီးက ချမှတ်ထားသည့် ရည်ရွယ်ချက်၊ အခြေခံမူနှင့် ရေ့လုပ်ငန်းစဉ်များအတိုင်း ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြမည်ဟု ဆန္ဒအလျှောက် ဝင်ရောက်လာကြသူများဖြစ်ကြောင်း။

ပြည်သူများထဲက ပြည်သူများဖြစ်ကြသည့် အသင်းဝင်များသည် နိုင်ငံ၏ နယ်မြေဒေသ အသီးသီးက ပြည်သူများ၏ အကျိုးအတွက် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြရင်း လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာကြအောင် စည်းရုံးရေးနည်းလမ်းနှင့် အထောက်အကူပြုနေကြပြီဖြစ်ကြောင်း၊ လူထု၏အားပေးထောက်ခံ ပူးပေါင်းဆောင်ရွက်မှုကြောင့် အသင်းဝင်အင်အားသည်လည်း ၂၄ သန်း နီးပါးအထိ တိုးတက်လာပြီဖြစ်ကြောင်း။

## လေ့လာ

တိုးတက်များပြားလာသည့် အသင်းဝင်များအနေနှင့် ပြည်သူအကျိုးကို ပိုမိုတိုးတက်ဆောင်ရွက်နိုင်အောင် စီမံဖွဲ့စည်းမှုများနှင့် လေ့ကျင့်မှုများ ပြုလုပ်ကြရမည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသော အရေအတွက်များ ဖြစ်အောင် စဉ်ဆက်မပြတ် လေ့လာနေကြမည်ဖြစ်ကြောင်း။

## တိုက်တွန်း

အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း၌ ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ နိုင်ငံသားကောင်းအရည်အချင်းပြည့်ဝရေး၊ အမျိုးသားနိုင်ငံရေးခေါင်းဆောင်မှု သဘောနှင့် နာခံခြင်း အလေ့အကျင့်ကောင်း၊ မှန်ကန်သောဦးဆောင်မှု ခံယူကျင့်သုံးခြင်းဖြင့် စုစည်းညီညွတ်သော အင်အားအဖြစ် တည်ဆောက် ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဘာသာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပြီးဖြစ်ကြောင်း၊ သင်တန်းကရရှိလာသည့် အသိပညာများကို လက်တွေ့နယ်ပယ်တွင် ဆက်စပ် အသုံးပြုသွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပကတိဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို မှန်ကန်စွာ ရှုမြင်သုံးသပ်ပြီး ပိုမိုတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

## ပူးပေါင်း

နိုင်ငံတော်သစ် ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အသင်းကြီး၏ စုစည်းညီညွတ်သည့်အားနှင့် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စေရန် နှစ်စဉ်ရေ့လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အသင်းကြီးက ချမှတ်ထားသည့် ရေ့လုပ်ငန်းစဉ်များသည် နယ်မြေ၏ အကျိုး၊ ပြည်သူများ၏ အကျိုးအတွက် ဦးတည်ချမှတ်ထားခြင်းဖြစ်ကြောင်း၊ နယ်မြေဒေသအသီးသီး၌ ဆောင်ရွက်နေကြသည့် အကျိုးပြုလုပ်ငန်းတိုင်းသည်ချမှတ်ပေးထားသည့် ရေ့လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်နေခြင်း ဖြစ်သည်ကို ရှင်းလင်းပြသကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နယ်မြေလူထု အနေနှင့် အသင်းကြီးကို ဆက်စပ်နားလည်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိလာမည် ဖြစ်ကြောင်း။

## လက်တွဲ

အနာဂတ်ကာလတွင် ပေါ်ထွန်းလာမည့် နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇) ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အသင်းဝင်အားလုံး ပြည်သူများနှင့်လက်တွဲပြီး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း။

## မြင်တွေ့

ယနေ့ နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများသည် မျက်ကွယ်ပြု၍မရသည့် ပကတိ အရှိတရားများ ဖြစ်ကြကြောင်း၊ အတိတ်ကာလ၏ အခြေအနေပေးမှုများအပေါ် အနာဂတ်ကာလ၌ ဖြစ်လိုသည့် ဆန္ဒများနှင့် ပေါင်းစပ်ပြီး ပစ္စုပ္ပန်ကာလအတွက် အကျိုးဖြစ်ထွန်းစေရန် ကြိုးပမ်းလုပ်ဆောင်နေကြသည်ကိုလည်း အထင်အရှားတွေ့မြင်နေကြမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ပုံရိပ်ကို ကျွန်ုပ်တို့အားလုံး ကြည်လင်စွာ မြင်တွေ့နေကြရပြီ ဖြစ်ကြောင်း။

## စာနာ

ပကတိဖြစ်ပေါ်ပြောင်းလဲမှုများ အနာဂတ်နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်မှုများကို မှန်ကန်စွာ ရှုမြင်ပြီး ပိုမိုတိုးတက်အောင် ဝိုင်းဝန်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကြိုးပမ်းအားထုတ်မှုတိုင်းတွင် ပေါ်ပေါက်လေ့ရှိသည့် အခက်အခဲများ၊ ချို့ယွင်းအားနည်းမှုများကို ပြုပြင်ကျော်လွှားပြီး ရည်မှန်းချက်ပန်းတိုင် ရောက်အောင် ကြိုးပမ်း အကောင်အထည်ဖော်နေမှုများကို စာနာနားလည်းကြရမည်ဖြစ်ကြောင်း။

## ခွဲခြားသိမြင်

**အရာရာကို မကောင်းသည့်အမြင်နှင့် အပြစ်ရှာပြီး ဝေဖန်ပြောဆိုမှုများ၊ ပုံကြီးချဲ့ပြီး လိုရာဆွဲပြောဆိုမှုများ၊ သေးသိမ်မေးမှိန်းအောင် လုပ်ကြံဖန်တီးပြောဆိုမှုများ၊ လူမှုရေးကိုအကြောင်းပြပြီး ဆန့်ကျင်လာအောင်၊ စီးပွားရေးကို အကြောင်းပြပြီး ဆန့်ကျင်လာအောင်၊ ဘာသာရေးကိုအကြောင်းပြပြီး ဆန့်ကျင်လာအောင် လုပ်ဆောင်နေမှုများကိုလည်း သတိထားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံကြီးအချို့ကလည်း လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးများကို အကြောင်းပြပြီး အလိုကျဖြစ်အောင် အကျပ်ကိုင်ဆောင်ရွက်မှုများ၊ ထောက်ပံ့ပေးကမ်းမှုသူကောင်းပြုမှုများနှင့် အလိုကျလုပ်ကိုင်ပေးသူများ ပေါ်ထွက်လာအောင် ဖန်တီး လုပ်ဆောင်နေမှုများ၊ သွေးထိုး လှုံ့ဆော်နေမှုများ၊ အခါပေးမှုများကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုကို ပြိုကွဲအောင်၊ တည်ငြိမ်မှုကို ပျက်ပြားအောင်၊ စီးပွားရေးကို ကျဆင်းအောင် ကြံစည်ဆောင်ရွက်မှုတိုင်းသည် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အဟန့်အတား အနှောင့်အယှက်များဖြစ်သည် ဆိုသည်ကို ခွဲခြားသိမြင်ကြရမည်ဖြစ်ကြောင်း။**

မြန်မာနိုင်ငံသည် သမိုင်းအစဉ်အလာကြီးမားသည့် နိုင်ငံဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံးသည်လည်း သမိုင်းစဉ်တစ်လျှောက် အပြန်အလှန် စာနာမှု၊ နားလည်မှု၊ တွယ်တာမှုများနှင့် ချစ်ကြည်စွာနေထိုင်ကြသည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အရင်းခံ ရှင်သန်မှုများရှိကြပြီးဖြစ်ကြောင်း၊ ဒို့တာဝန် အရေးသုံးပါး၏ အခြေခံ ဖြစ်သည့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ထွန်းကားရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း။

## အစဉ်ရပ်တည်

အသင်းကြီးကို အသင်းဝင်များနှင့် ဖွဲ့စည်း တည်ထောင်ထားသည်ဖြစ်ကြောင်း၊ အသင်းဝင်များသည် သီးခြားလူတန်းစားတစ်ရပ် မဟုတ်ဘဲ မိမိတို့နယ်မြေလူထုထဲက လူထုများဟု ခံယူထားကြသူများဖြစ်ကြောင်း၊ မိမိတို့၏ နယ်မြေဒေသအသီးသီး၏အကျိုးကျေးဇူး တိုးတက်ဖြစ်ထွန်းစေမည့် ရပ်ရေး၊ ရွာရေး၊ လူမှုရေး၊ သာသနာရေးစသည့် အရေးအရာ မှန်သမျှကို မိမိတို့၏ အသင်းဝင်များသာမက မိမိတို့လိုဘဲ နေထိုင်ကြသည့် ရပ်မိ ရပ်ဖများ၊ ရပ်သူရွာသားများနှင့်ညှိနှိုင်းတိုင်ပင် ဆွေးနွေးပြီး အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဘယ်အရာမဆို တစ်ဦးကောင်း၊ တစ်ယောက်ကောင်း မလုပ်ဘဲ စုပေါင်း ဆွေးနွေးတိုင်ပင် စုပေါင်းလုပ်ဆောင်ကြခြင်းဖြင့် ရည်မှန်းချက်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် အကျိုးကျေးဇူး ဖြစ်ထွန်းရန်ထက် မိမိတို့ကိုယ်တိုင် အပါအဝင် နယ်မြေလူထု တစ်ရပ်လုံး အကျိုးကျေးဇူးဖြစ်ထွန်းအောင် ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသင်းဝင်အားလုံး တာဝန်၏အရေးပါမှုကို နားလည်ပြီး အမျိုးသားရေး အင်အားစုကြီးအဖြစ် အစဉ်ရပ်တည် နိုင်အောင် ကြိုးပမ်းသွားကြရမည် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ—

- **သင်တန်းက ရရှိလာသည့် အသိပညာ အတတ်ပညာများကို လက်တွေ့ နယ်ပယ်တွင် ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး နယ်မြေဒေသ အသီးသီး၏ အကျိုးအတွက် ပိုမိုသယ်ပိုးနိုင်ရေး ကြိုးပမ်းသွားကြရန်၊**
- **နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို မှန်ကန်စွာ ရှုမြင်သုံးသပ်ပြီး၊ ချမှတ်ထားသည့် ရေ့လုပ်ငန်းစဉ်များအတိုင်း ပြည်သူများ၏ အကျိုးအတွက်တိုးမြှင့်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊**
- **တိုင်းရင်းသား ပြည်သူများအကြား စစ်မှန်သည့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ထာဝစဉ်ရှင်သန်ခိုင်မာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူများနှင့်အတူ ကျရာကဏ္ဍက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရန်၊**
- **တာဝန်၏ အရေးပါမှုကို နားလည် သဘောပေါက်ကြသူများဖြစ်ကြသည့် အတိုင်း အသင်းကြီး၏ ဦးဆောင်မှုကို ခံယူပြီး အမျိုးသားရေးအင်အားစုအဖြစ် အစဉ် ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အထွေထွေအတွင်းရေးမှူးဦးဌေးဦးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

**ရန်ကင်းမြို့နယ် ပြည်သာယာ (ကျိုက္ကဆံ စူပါဝမ်း တာမွေလေးသံလမ်း အနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်မြင်သံကြားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး–ဒေါ်နွဲ့နွဲ့ မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာပြန်လည် ချီးမြှင့်တော်မူစဉ်။** (၁၁၅)

# ခေတ္တရာအသင်း( ရန်ကုန် )ဂုဏ်ပူဇော်သဘင်

**ရန်ကုန် ဧပြီ ၆**

နိုင်ငံတော်မှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသော ပဲခူးတိုင်း ပြည်မြို့ ရွာဘဲရပ် ရွှေညောင်ပင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိတအား ခေတ္တရာအသင်း (ရန်ကုန်မြို့)မှ ဧပြီ ၂၈ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ပူဇော်သဘင် ကျင်းပပူဇော်မည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများအနေဖြင့် တက်ရောက်ကြည်ညိုပူဇော်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများ ဦးသန်းထွန်း ဖုန်း–၃၇၄၅၃၁၊ဦးခင်မောင်ဘို ဖုန်း–၆၅၁၉၃၈၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း)ဖုန်း–၅၂၆၃၄၃၊ ဦးဝင်းမော် ဖုန်း–၂၄၂၁၃၈ နှင့် ဒေါ်ဥမ္မာသန်း ဖုန်း–၂၄၉၀၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

**ဧပြီ ၁ ရက်က အလက(၄) လှိုင် (ကျားကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါ ကျောင်းခန်းမ၌ကျင်းပရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။** (က–ပ)

# ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ခေါင်းဆောင်သောအဖွဲ့ တူရကီ-ပစိဖိတ် ကုန်သွယ်ရေး ပေါင်းကူးဆက်ဆံမှု ဖွင့်ပွဲတက်ရန် ထွက်ခွာ

နေပြည်တော် ဧပြီ ၆

စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် တင်နိုင်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တူရကီနိုင်ငံ အစ္စတန်ဘူးလ်မြို့၌ ဧပြီ ၇ ရက်နှင့် ၈ရက်တို့တွင် ကျင်းပမည့် တူရကီ-ပစိဖိတ် နိုင်ငံခြားကုန်သွယ်ရေး ပေါင်းကူးဆက်ဆံမှုဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် ယမန်နေ့မွန်းတည့် ၁၂ နာရီက လေကြောင်းခရီးဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

## ပို့ဆောင်နှုတ်ဆက်

ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိုးနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

## လိုက်ပါသွား

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဗဟိုစာရင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းထွန်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

**ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ကော်မတီဝင်ဦးညီညီသည် ဧပြီ ၄ ရက် နံနက်က တာမွေမြို့နယ် တာမွေကြီး (က+ဂ)ရပ်ကွက် ၁၅၇ လမ်းအတွင်း သွေးလွန်တုပ်ကွေး ကာကွယ်ရေး လူထု လှုပ်ရှားမှု ဆောင်ရွက်နေမှုများကို ကွင်းဆင်း ကြည့်ရှုအားပေးရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းထွန်း တို့က သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြစဉ်။** (က-ပ)

# ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး ရန်ကင်းသုခိတာရာမသီလရှင်ကျောင်းတိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့်ဆွမ်းပဒေသာပင်လှူဒါန်း

ရန်ကုန် ဧပြီ ၆

**ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ရန်ကင်းမြို့နယ် အမှတ် (၁၁)ရပ်ကွက် သုခိတာရာမသီလရှင်ကျောင်းတိုက်သို့ ဆွမ်းဆန်တော်၊ ဆန်၊ ဆီ၊ ပဲနှင့်ဆွမ်းပဒေသာပင်များ လှူဒါန်းခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ဧပြီ ၄ရက် နံနက် ၈နာရီခွဲက အဆိုပါသီလရှင်ကျောင်းတိုက်၌ ကျင်းပသည်။**

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်း ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ လှူဒါန်းသော ဆွမ်းပဒေသာပင် လေးသိန်းနှင့် ဆန်၊ ဆီနှင့် ပဲတို့ကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် ဥက္ကဋ္ဌဒေါ်ခင်မျိုးသူတို့က လည်းကောင်း **(အပေါ်ပုံ)** ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ ဇနီး ဒေါ်ခင်မေလတ်ကလည်းကောင်း၊ ဆွမ်းပဒေသာပင်၊ ဆွမ်းဆန်၊ ဆီ၊ ပဲနှင့် ဆွမ်းပဒေသာပင်တို့အတွက် ငွေကျပ်နှစ်သိန်းစီကို ရန်ကင်းမြို့နယ်နေ ဦးသန်းတင်၊ ဒေါ်သစ်သစ်နှင့် ဦးဘုန်းကျော်၊ ဒေါ်နွဲ့နွဲ့ရီတို့ကလည်းကောင်း၊ မြို့နယ်ဆန်ကုန်သည်များအသင်းမှ ဆွမ်းဆန်သုံးအိတ်၊ ဆီကုန်သည်များအသင်းမှ ဆီပိဿာ ၃၀ နှင့် အခြားအလှူရှင်များက လှူဒါန်းကြရာ သုခိတာ ရာမသီလရှင်ကျောင်းထိုင်ဆရာကြီး ဒေါ်က္ကန္တိက လက်ခံရယူသည်။

အခမ်းအနားအပြီးတွင် နာယက ဒေါ်မာမာဝေနှင့်အဖွဲ့က ကျောင်းတိုက်ရှိ သီလရှင်ဆရာလေး ၅၄ပါးအား ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးကုသမှုလုပ်ငန်းများကို လိုက်လံကြည့်ရှုကြသည်။

ယနေ့လှူဒါန်းမှုမှာ ဆွမ်းဆန် ၁၃အိတ်၊ ဆီ ပိဿာ ၆၀၊ ကုလားပဲ ပိဿာ ၃၀နှင့် ဆွမ်းပဒေသာပင် ငွေကျပ် ၇၈၅၀၀၀ အပါအဝင်စုစုပေါင်း တန်ဖိုးငွေကျပ် ၁၁၈၅၀၀၀ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## မျက်စိဝေဒနာရှင်များ အခမဲ့ကုသနိုင်

**သြစတြေးလျနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ တင်မွန်သီ ဗစ်တာရောဘတ် ဦးဆောင်သော အဖွဲ့သည် မျက်စိဝေဒနာရှင်များအား ဧပြီ ၁၀ရက်မှ ၂၀ရက်အထိ ပုပ္ပားတောင်ကလပ် ဇီဝိတဒါန အာရောဂျဆေးရုံ၌ အခမဲ့ဆေးကုသပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

## ကျေးရွာစာကြည့်တိုက်များအတွက်စာအုပ်၊ များလှူဒါန်း

ရန်ကုန်မြို့နယ် ဦးစိုးတင့် (စိုးလျှပ်စစ်နှင့်စက်ပစ္စည်းကုမ္ပဏီလီမိတက်)က ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များလှူဒါန်းပွဲကို ဧပြီ ၁ ရက်နံနက် ၈ နာရီခွဲက ပျဉ်းမနားမြို့ ရွှေချီ ရပ်ကွက်ရှိ စိုးလျှပ်စစ်ကုမ္ပဏီရုံးခွဲတွင်ကျင်းပရာ စက်ရုံမှူးက စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းရာ ခရိုင်ပြန်ကြားနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။ လှူဒါန်းရရှိသော စာအုပ်မျိုးစုံ ၁၂၈၆ အုပ် တန်ဖိုးငွေကျပ် ၃၈၈၀၀၀ကို ခိုင်မာရှင်သန်သည့်ကျေးရွာစာကြည့်တိုက်များသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

## ကျိုက်ခံမြို့၌ နံရံကပ်စာစောင်ဖွင့်

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့၌ နံရံကပ်စာစောင်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက်နံနက် ၈နာရီက မြို့မဈေးရှေ့တွင်ကျင်းပရာ နယ်မြေခံတပ်နယ်မှအရာရှိ၊စစ်သည်များ၊ အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့်ပြည်သူများ တက်ရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## မီးသတ်တူညီဝတ်စုံပေးအပ်

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ကြီးမှူး၍ စည်ပင်သာယာဈေး အရန်မီးသတ်တပ်ဖွဲ့ (လုံခြုံ၊ မီးသတ်) တူညီဝတ်စုံပေးအပ်ပွဲနှင့် တာဝန်ပေးအပ်ပွဲကို မတ် ၂၅ရက် မွန်းလွဲ ၂ နာရီက ဈေးခေါင်းရုံးခန်းမဆောင်တွင် ကျင်းပရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကြည် (မုန့်လုပ်ငန်း)တို့က အမှာစကားပြောကြားကြပြီး စည်ပင် သာယာဈေးအရန် မီးသတ်တပ်ဖွဲ့(လုံခြုံ၊ မီးသတ်) တို့အား တူညီဝတ်စုံများကိုပေးအပ်ပြီး တာဝန်များကိုပေးအပ်သည်။ **(ဝ၂၆)**

## ယဉ်ကျေးမှုနှင့် စာရိတ္တမြင့်မားရေး သင်တန်းဖွင့်

**ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သခွတ္တောကျေးရွာအုပ်စု ဆင်တဲကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် စတုတ္ထအကြိမ်ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် စာရိတ္တမြင့်မားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၈ရက်နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (သုဓမ္မာ) ဆရာတော် ဦးဇဋိလထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သင်တန်းဖြစ်မြောက်ရေး နာယကဆရာတော် ဦးဂန္ဓမာလာလင်္ကာရက ဩဝါဒချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၂၄ဦး တက်ရောက်ကြသည်။** (မြို့နယ် ပြန်/ဆက်)

## အင်းတော်မြို့တွင် ကျောင်းဆောင်သစ်ရေစက်ချ

**အင်းတော်မြို့နယ် မန်ထုန်ကျေးရွာအုပ်စု သောင်းကြီးကျေးရွာ ဘုန်းတော် ကြီးကျောင်း အာရ်စီနှစ်ထပ် ကျောင်းဆောင်သစ် ရေစက်ချပွဲတော်ကို ၁၃၆၈ခု နှောင်းတန်ခူးလဆန်း ၁၀ရက်မှ ၁၃ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ တန်ခူးလဆန်း၁၀ ရက် ၁၁ ရက်တွင် မဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲကို ကျင်းပမည်ဖြစ်ပြီး ၁၁ရက် ၁၂ရက်ညတွင် စစ်ကိုင်းမြို့ ရွှေစေတီ ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်ပြီး ၁၃ရက်နံနက်တွင် ဘုရားအနေကဇာတင်ဗုဒ္ဓါဘိသေက ပြုလုပ်ပူဇော်မည်ဖြစ်ပြီး မွန်းလွဲပိုင်းတွင် ပင့်သံဃာတော် ၁၅၀ ကျော်တို့အား လှူဖွယ်ဝတ္ထု လှူဒါန်းဆက်ကပ်ပြီး သာဓု အနုမောဒနာတရားကို ရွှေစေတီဆရာတော်က ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။** (၁၃၃)

## အမျိုးသမီးများဘဝတိုးတက်ရေး အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေး ပညာပေး

မြင်းမူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲကို မတ် ၁၈ရက်နံနက် ၁၀ နာရီက မြင်းမူမြို့နယ်ဆပွန်းကုန်း ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မညိုက အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အေအိုင်ဒီအက်စ်ရောဂါပညာပေး ဟောပြောပြီး တက်ရောက်လာကြသည့် အမျိုးသမီးများ၏ သိလိုသည့် မေးမြန်းဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## စာကြည့်တိုက်ပညာသင်တန်း ငပုတောမြို့တွင်ဖွင့်

ငပုတောမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့်ငပုတောမြို့နယ်အတွင်း ကျေးရွာစာကြည့် တိုက်မှူးများအတွက် စာကြည့်တိုက်ပညာ သင်တန်း(၁/၂၀၀၇)ကို မတ်၂၁ ရက်က လည်းကောင်း၊ သင်တန်း အမှတ်စဉ် (၂/၂၀၀၇)ကို မတ် ၂၆ရက်က လည်းကောင်း၊ ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။ အဆိုပါသင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၈၀တက်ရောက်ခဲ့ကြသည်။ **(က-ပ)**

## သရဖီလမ်းနှင့် အုတ်ရေကန်ဖွင့်

**ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်မောင်ဦး၏ ညွှန်ကြားမှုဖြင့် ဖလမ်းခရိုင်အတွင်းရှိ ကျီခါးမြို့နယ်တွင် မတ် ၂၆ ရက် နံနက် ၇ နာရီက နိုင်ငံတော်ထောက်ပံ့ငွေကျပ် သိန်း ၂၀ ဖြင့် ဖောက်လုပ်ခဲ့သော ကျီခါးမြို့ပေါ်ရှိ သရဖီလမ်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသက်လွင်နှင့် မြို့တာဝန်ခံ အမှုဆောင်အရာရှိ ဦးဝုန့်ပြင်းထန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**

**အလားတူ ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကကြီးမှူး၍ ကျေးလက်ရေပေးရေးဂါလန် ၁၂၀၀ဆံ့ အုတ်ရေကန်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉နာရီက ဟားခါးမြို့နယ် ချွန်ကျီးကျေးရွာ၌ကျင်းပခဲ့ရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။** (မြို့နယ် ပြန်/ဆက်)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တွဲဖက်အထွေထွေအတွင်းရေးမှူး ကုလသမဂ္ဂ လူသားချင်းစာနာမှုအကူအညီပေးရေးကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ်နှင့်အဖွဲ့အားလက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၆

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးဒေါ်ခင်ထားမေသည် ဧပြီ ၅ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahlstromနှင့် အဖွဲ့အား အဖွဲ့ချုပ်ရုံး ဧည့်ခန်း၌တွေ့ဆုံရာ တွဲဖက်အထွေထွေ အတွင်းရေးမှူးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းပုံလုပ်ငန်းဆောင်ရွက်ချက်များ၊ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။**

Ms. Margareta Wahlstromက ကုလသမဂ္ဂ၏ လူသားချင်းစာနာမှု အကူအညီပေးခြင်းလုပ်ငန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ဤသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်မြမြနှင့် ဒေါက်တာဒေါ်သက်သက်ဇင်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝန်ကြီးဗိုလ်ချုပ်မောင်ဦးအား ကုလသမဂ္ဂလူသားချင်းစာနာမှုအကူအညီပေးရေး ကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ်နှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဧပြီ ၆

**ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ကုလသမဂ္ဂ လူသားချင်းစာနာမှုအကူအညီပေးရေး ကိစ္စရပ်များဆိုင်ရာ လက်ထောက် အတွင်းရေးမှူးချုပ် Ms. Margareta Wahlstrom နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သိန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းနှင့် ရုံးအဖွဲ့မှူး ဦးနေမျိုးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖက်ရှင်ဆိုင်သစ်ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၆**

Online Wear Fashion ဆိုင်သစ် ဖွင့်ပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် ၁၆ရပ်ကွက် ပါရမီလမ်းမကြီး အမှတ် ၉ တွင် ကျင်းပရာ လှိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်၊ကဏန်းလုပ်ငန်းရှင်များ အသင်းနာယက၊ လူမှုထူးချွန် ဒုတိယ အဆင့် ဦးမြတ်ဦးတို့က ဖဲကြိုး ဖြတ်၍ ဆိုင်သစ်ကို ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**ဝယ်ယူရရှိနိုင်**

အဆိုပါဆိုင်သစ်သည် (၆၁)ဆိုင်မြောက် Online Branded ရရှိနိုင်သော ဆိုင်ခွဲဖြစ်ပြီး ကျားဝတ်၊ မဝတ်၊ ကလေးဝတ် အရွယ်စုံ အဝတ်အထည်အမျိုးမျိုးတို့ကို သက်ြန်အကြို အထူးဈေးဖြင့် တစ်နေရာတည်းတွင် စုစည်းရရှိနိုင်ပြီး လက်လီလက်ကား ဝယ်ယူရရှိနိုင်သည်။

**ရှင်းလင်းပြသ**

ဖွင့်ပွဲ အပြီးတွင် တက်ရောက်လာကြသူများအား ပိုင်ရှင် ဒေါ်ယဉ်ယဉ်မိုးနှင့် ကိုယ်စားလှယ်ဒေါ်ဝါဝါလွင် တို့က ဆိုင်သစ်အတွင်းလိုက်လံ ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

## ကိုးလအရွယ် ထိုင်း ရင်ချင်းဆက်အမြွှာ အောင်မြင်စွာခွဲစိတ်ပေးနိုင်

ဗန်ကောက် ဧပြီ ၆

**ကိုးလသားအရွယ် ရင်ချင်းဆက်အမြွှာမိန်းကလေးငယ်လေးနှစ်ဦး၏ အသည်းနှင့်နှလုံးတို့ဆက်စပ်နေမှုအား ထိုင်းဆရာဝန်များက အောင်မြင်စွာ သီးခြား စီခွဲစိတ်ပေးနိုင်ခဲ့ကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။**

ခွဲစိတ်ကုသခဲ့

**ပင်ဝတ်တီယန်ဂျာရီးနှင့်ပင်တာဝမ်တီယန်ဂျာရီဟု အမည်ပေးထားသော အဆိုပါရင်ချင်းဆက်အမြွှာမိန်းကလေးငယ်နှစ်ဦးအား နှလုံးခွဲစိတ် အထူးကုဆရာဝန် ငါးဦးအပါအဝင် အဖွဲ့ဝင် ၆၁ ဦးပါရှိသော ခွဲစိတ်ကုသရေးအဖွဲ့က ပြီးခဲ့သော ဖေဖော်ဝါရီ ၂၀ရက်က ၁၂နာရီကြာခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ကြောင်းဖြစ်သည်။**

ပြင်ဆင်

**မခွဲစိတ်မီက ကလေးငယ်နှစ်ဦးမှာ ရင်ဘတ်မှဝမ်းဗိုက်အထိ ပူးကပ်နေခဲ့ကြခြင်းဖြစ်ပြီး ရှစ်လအရွယ်ရောက်ရှိချိန်၌ပင် ခွဲစိတ်ကုသမှုခံယူရန် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြရသည်ဟု ဗန်ကောက်ရှိ စီရီရာဂျ်ဆေးရုံမှ ပြောကြားသည်။**

အချိန်ယူလေ့လာ

**မိမိတို့သုတေသနပြုခဲ့သော အမြွှာပူးများတွင် ယခုကဲ့သို့အမြွှာပူးမျိုးမပါရှိခဲ့ကြောင်း၊ ထို့ကြောင့် လူတို့နှလုံးနှင့် အသည်းများ၏ ပုံသဏ္ဌာန်အနေအထားကို အချိန်ယူလေ့လာသုတေသနပြုခဲ့ရကြောင်း အဆိုပါဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**

အနေအထားကောင်းမွန်

**ယခုအခါ ကလေးငယ်နှစ်ဦး၏အနေအထားမှာ ကောင်းမွန်လျက်ရှိကြောင်း၊ ကလေးငယ်နှစ်ဦး ကျန်းမာရေးအခြေအနေကို စောင့်ကြည့်ပြီးမှ ယခုကဲ့သို့ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်းသိရသည်။** (အင်တာနက်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၇-၄-၂၀၀၇ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇း၀၅ | မနွမ်းသောပန်း၊ မခန်းသောစမ်း တရားတော်(ပထမပိုင်း) အရှင်ဂုဏိန္ဒ(ဆင် ဖြူတောင်)ဆရာတော် |
| ၇း၄၀ | ပျော်ရွှင်ကစား မြွေလှေကား |
| ၈း၀၅ | ခါသကြန်အဆိုအက |
| ၈း၁၀ | ဂုဏ်ယူဖွယ်ရာ မြန်မာ့လက်မှု ပန်းပုပညာ |
| ၈း၂၅ | ခါသကြန် အဆိုအက |
| ၈း၃၀ | MRTV-4 Video Topics (ဟောလီးဝုဒ်သိပ္ပံကမ္ဘာ) |
| ၈း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၀၅ | Activities In The City |
| ၉း၃၀ | ခါသကြန်အဆိုအက |
| ၉း၃၅ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၉း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ | ဆီးချို၊သွေးချိုရောဂါနှင့်အင်ဆူ လင်အသုံးပြုပုံ အကြောင်း(အပိုင်း-၃) (ဒေါက်တာ သန်းသန်းအေး) |
| ၁၀း၁၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၀ | စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း) |
| ၁၀း၅၀ | ခါသကြန် အဆိုအက |
| ၁၀း၅၅ | Yangon Panorama (Under Sunshine Art Gallery) |
| ၁၁း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၀ | မြန်မာ့စပီရှုလိုင်းနား |
| ၁၁း၃၅ | ခါသကြန်အဆိုအက |
| ၁၁း၄၀ | ကလေးတို့အတွက်လက်ဆောင် (အင်္ကျီ၊ကျိုးကန်း) |
| ၁၁း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၀၀ | တောင်ပေါ်လက်ဖက်နတ်သစ် ရွက် |
| ၁၂း၂၀ | ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက်လွန်စွဲမက် |
| ၁၂း၃၅ | ခါသကြန်အဆိုအက |
| ၁၂း၄၀ | စားချင်စရာ ငါးချဉ်အရသာ |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၅း၀၀ | ပွဲကြိုသုံးသပ်ချက်-၁ | 5-Sports |
| ၅း၃၀ | ပွဲကြိုသုံးသပ်ချက်-၂ | 5-Sports (Live) |
| ၆း၁၀ | Chelsea-Tottenham | 5-Sports (Live) |
| ၈း၂၅ | Arsenal-Westham | 5-Sports (Live) |
| | Reading-Liverpool | 5-Series (Live) |
| ၁၀း၄၀ | Middlesbrough-Watford | 5-Cartoons(Live) |
| ၁၁း၀၀ | Blackburn -Aston Villa | 5-Sports (SDD) |

# မြန်မာ့ရုပ်မြင်သံကြား

**၇-၄-၂၀၀၇ရက် (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော် |
| ၇း၂၅ | ၃။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၁၀ | ၇။ | ချင်းပြည်နယ်ရဲ့အလှတပါးဗားရိုတ်တား |
| ၈း၂၀ | ၈။ | ခါသကြန်အဆိုအကများ |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Grammar Made Easy. |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၅ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | ၃။ | ပြည်တွင်းသတင်း |
| ၁၁း၄၀ | ၄။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၀၀ | ၅။ | လောကနီတိ(၅) မေတ္တာအတိမ်အနက်ကို ချိန်စက်၍ ကြည့်သောအခါ ပိုင်ဇေရဲထွန်း၊ စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော်)(ဒါရိုက်တာ-ခင်ဇော်) |
| ၁၃း၁၀ | ၆။ | အဆိုပြိုင်ပွဲ |
| ၁၃း၁၅ | ၇။ | ခါသကြန်အဆိုအကများ |
| ၁၃း၃၀ | ၈။ | နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ မဲခရဲတိုက်နယ် (ဧရာဝတီတိုင်း)မှ ဆားလုပ်ငန်းအကြောင်း |
| ၁၃း၄၀ | ၉။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက |
| ၁၄း၀၅ | ၁၀။ | လက်ဆင့်ကမ်းပေး ဂီတတေး |
| ၁၄း၁၀ | ၁၁။ | ဖွံ့ဖြိုးတိုးတက်မှု အဖုံဖုံ စံပြကျေးရွာ ဝမ်အင်-ဝမ်လုံ |
| ၁၄း၂၀ | ၁၂။ | အကပြိုင်ပွဲ |
| ၁၄း၃၀ | ၁၃။ | **ပေါင်ပေါ်ကျတဲ့မီး** (ရဲအောင်၊ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ- မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး) |
| ၁၄း၄၀ | ၁၄။ | သင်ပုန်းရေလှောင်တမံ |
| ၁၄း၄၅ | ၁၅။ | International News. |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | English for Everyday Use. |
| ၁၆း၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ) |
| ၁၇း၀၀ | ၅။ | မြို့တော်အေးမင်းအောင်ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း(အပိုင်း-၂) |
| ၁၇း၂၀ | ၆။ | တေးဂီတအစီအစဉ် |
| ၁၇း၃၀ | ၇။ | ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင် |
| ၁၈း၈၀ | ၈။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၉။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၀။ | အလှရှာမယ်လှကမ္ဘာဝယ် |
| ၁၈း၅၀ | ၁၁။ | ခါသကြန် အဆိုအကများ |
| ၁၉း၀၀ | ၁၂။ | နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ကြိမ်ထည်အစရေကြည်မှ) |
| ၁၉း၀၀ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၁၆) |
| ၂၀း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းနှင်းဆီ"** (အပိုင်း-၇) |
| | ၁၈။ | နောက်တစ်နေ့အစီအစဉ်။ |

မန္တလေးမြို့ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ်(၂၉)နေ ကျောင်းအလှူရှင် နဒီလှိုင်းက အလှူငွေကျပ် နှစ်သိန်းကို အကျိုးတော်ဆောင်ဆရာတော် အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)၏ ရှေ့မှောက်တွင် ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့ ဒေါ်ကေသက်မော်ထံ အမှတ် (၄၂)ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ (အလှူငွေ လက်ခံရာဌာန)၌ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ဝိပဿနာ အလုပ်ပေးတရားစခန်း ကျင်းပမည်

ရန်ကုန် ဧပြီ ၆

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးအား ပူဇော်သောအားဖြင့် မင်းကွန်းတောင်ရိုး ဓမ္မနာဒ ကျောင်းတိုက်ကြီး၌ ရွှေစင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ ဆရာတော်နှင့် ရန်ကုန်မြို့ သဒ္ဓမ္မဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တသုဇန (ဝိနယဝိဒူ)အရှင်သူမြတ်တို့က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ မဟာစည်ဝိပဿနာ အလုပ်ပေးတရားစခန်းကြီးကို တန်ခူးလပြည့်ကျော် ၈ရက်မှ ကဆုန်လဆန်း ၃ရက် (မြန်မာနှစ်ဆန်း ၂ရက်) (ဧပြီ ၉ရက်မှ ၁၈ရက်) အထိ ၁၀ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

## ဆက်သွယ်စာရင်းပေးနိုင်

တရားစခန်းဝင်လိုသူများအနေဖြင့် တန်ခူးလပြည့်ကျော် ၇ရက် နောက်ဆုံးထား၍ တိပိဋက ဓမ္မနာဒစာသင်တိုက် ဖုန်း-၀၉-၅၀၁-၁၇၃၃ မန္တလေး တိ=နိ ဌာနခွဲ ဖုန်း-၀၂-၃၀၁၉၀တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# မူးယစ်ကင်းစင် အလှဆင်

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီးရှိ ချို့တဲ့နွမ်းပါး ဆေးပဒေသာပင်သို့ အမှတ်(၂၂၆) အောင်ဓမ္မရိပ်သာ လှိုင်တက္ကသိုလ် နယ်မြေနေ ဒေါ်နွဲ့နွဲ့ဝင်းနှင့် သားပါမောက္ခဒေါက်တာ ဦးချစ်စိုး၊ ပါမောက္ခဒေါက်တာ ဒေါ်ခင်မြလွင်တို့က ငွေကျပ် တစ်သိန်းကို ဧပြီ ၃ရက်က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမြသောင်းက လက်ခံယူစဉ်။ (က-ပ)

# စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက် ပြည်သူလူထု ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်အောင်စီစဉ်

## ပြုပြင်ရန် လိုအပ်သည့်လမ်းများ မိုးမကျမီအမြန်ပြုပြင်



ရန်ကုန် ဧပြီ ၆

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ယမန်နေ့ မွန်းလွဲ ၁၂နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါး မွေးမြူရေးအထူးဇုန်သို့ရောက်ရှိပြီး ဇုန်(၂)ရှင်းလင်းဆောင်၌ ဇုန်တာဝန်ခံများနှင့် တာဝန်ရှိသူများက ဇုန်များအလိုက် ဟင်းသီးဟင်းရွက်၊ ပီလောပီနံနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှု အခြေအနေ၊ ကြက်နှင့်ငါး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် လမ်းများပြုပြင်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။**

ထို့နောက်တိုင်းမှူးကစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်၍ ထွက်ရှိလာသည့် အသား၊ငါးနှင့် ဟင်းသီးဟင်းရွက်များကိုပြည်သူလူထုက ဈေးနှုန်းသက်သာစွာဖြင့်လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်အောင် စီစဉ်ဆောင်ရွက်ကြရန်နှင့် ဇုန်များရှိ ဆက်လက်ပြုပြင်ရန် လိုအပ်သည့် လမ်းများကို မိုးမကျမီ အမြန်ပြုပြင်နိုင်ရေးစီစဉ်ဆောင်ရွက်ကြရန် မှာကြားပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် ဇုန်(၂) မျှော်စင်ပေါ်မှနေ၍ ဇုန်အတွင်း ဟင်းသီးဟင်းရွက်များ စိုက်ပျိုးဖြစ်ထွန်းမှုနှင့် ပြောင်းစိုက်ခင်းဧက ၂၀ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးသည် ဇုန်(၂) အကွက်အမှတ်(၈၄)ရှိ ဒေါ်အေးအေးခင်၏ အထွက်ကောင်း ပီလောပီနံ စိုက်ခင်းကိုလည်းကောင်း၊ အကွက်အမှတ်(၂၀)ရှိ ညောင်နှစ်ပင်စိုက်ပျိုးရေးအထူးဇုန် အစေ့ထုတ်ပြောင်း စံပြစိုက်ခင်းကိုလည်းကောင်း၊ အကွက်အမှတ်(၁၈၇)ရှိ ဦးဇော်မျိုး၏ ကြက်သွန်စိုက်ခင်းမှ ထွက်ရှိသည့် ကြက်သွန်များကိုလည်းကောင်း၊ ပြောင်းစိုက်ခင်းနှင့် ပီလောပီနံစိုက်ခင်းကိုလည်းကောင်း၊ ခြံစည်းရိုး ကြက်ဆူပင် စိုက်ခင်းနှင့် ပျိုးဥယျာဉ်ကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးကြသည်။

## ညောင်နှစ်ပင်စိုက်ကွင်း

ထိုမှတစ်ဆင့် တိုင်းမှူးသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ညောင်နှစ်ပင်စိုက်ကွင်းသို့ ရောက်ရှိပြီး သင်တန်းခန်းမ၌ လက်ထောက်ကြီးကြပ်ရေးမှူး ဦးကျော်စိုးဝင်းက စိုက်ကွင်းအတွင်း ဟင်းသီးဟင်းရွက်မျိုးစုံ၊ ခြံစည်းရိုးကြက်ဆူပင်နှင့် ဆီမွှေးစပါးလင်များ စိုက်ပျိုးထားရှိမှု၊ စိုက်ပျိုးရေးပညာပေး သင်တန်းများဖွင့်လှစ် ပို့ချပေးနိုင်မှုနှင့် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို စမ်းသပ်စိုက်ပျိုးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

## လိုက်လံကြည့်ရှု

ယင်းနောက် တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးပြီး စိုက်ကွင်းမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များနှင့် ငရုတ်၊ ကြက်ဟင်းခါးပင်များ စိုက်ပျိုးဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ အပင်ဇီဝနည်းပညာဓာတ်ခွဲခန်းကို လည်းကောင်း လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ တိုင်းမှူးသည် မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ မှော်ဘီမြို့နယ် အစေ့ထုတ်ပြောင်း စိုက်ခင်း၌ ရေဆင်းစပ်မျိုး(၃)၊ ပြောင်းဧက ၂၀ စိုက်ပျိုး ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးသည် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာအနီးရှိ ရွှေနံ့သာ သစ်ခွခြံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ရွှေနံ့သာ-ဘားလား သစ်ခွ တိုးချဲ့မြေနေရာ ဖော်ထုတ်ရေးကော်မတီဥက္ကဋ္ဌ ရဲမှူးကြီးလှမင်းနှင့် တာဝန်ရှိသူများက ရွှေနံ့သာ-ဘားလား သစ်ခွစိုက်ပျိုးထုတ်လုပ်ရေး အထူးဇုန် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်း တင်ပြကြသည်။

## လုပ်ငန်းများအမြန်စတင်

ယင်းနောက် တိုင်းမှူးက တာဝန်ရှိသူများအပိုင်းက သစ်ခွစိုက်ပျိုးရေး အထူးဇုန် အတွင်းလမ်းများနှင့် မြောင်းဖောက်လုပ်ခြင်း၊ ဓာတ်အားလိုင်းများ သွယ်တန်းခြင်း၊ တံတားများခင်းကျင်းခြင်းစသည့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသကဲ့သို့ စိုက်ပျိုးရန် မြေနေရာရရှိထားသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းများ အမြန်စတင်ဆောင်ရွက်နိုင်ရေး ကြပ်မတ်ကြရန် အမှာစကားပြောကြားပြီး ရွှေနံ့သာ-ဘားလား သစ်ခွစိုက်ပျိုးထုတ်လုပ်ရေး အထူးဇုန်အကွက်အမှတ် (၈၆)ရှိ ရဲမျိုးမျိုးဇော် သစ်ခွခြံအတွင်း ပြည်တွင်း/ပြည်ပ သစ်ခွမျိုးစုံစိုက်ပျိုးထားမှုကိုလည်းကောင်း၊ အကွက်အမှတ်(၂၀)ရှိ Hardwood Timber Enterprise Ltd၏ သစ်ခွခြံကိုလည်းကောင်း သွားရောက်ကြည့်ရှု အားပေးသည်။

ထိုမှတစ်ဆင့်တိုင်းမှူးသည် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ငွေနံ့သာကျေးရွာအနီး၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိသည့် ငွေနံ့သာလျှပ်စစ် ရေတင်စီမံကိန်း ဧက ၁၄၀၀ သို့ ရောက်ရှိရာ တိုင်းရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်နှင့် စီမံကိန်းတာဝန်ခံဦးစီးအရာရှိ ဦးမိုးလွင်ဦးတို့က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**

# သင်္ကြန်အထူးရထား ပြေးဆွဲမည်

ရန်ကုန် ဧပြီ ၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ သင်္ကြန်အထူးရထား တစ်စီးကို ဧပြီ ၇ ရက်မှစ၍ ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ရက်ခြားပြေးဆွဲပေးသွားမည်ဖြစ်သည်။ အစုန်သင်္ကြန်အထူးရထားကို မန္တလေးမှ ဧပြီ(၇၊ ၉၊ ၁၁၊ ၁၇၊ ၁၉၊ ၂၁) ရက်များတွင်လည်းကောင်း၊ အဆန်သင်္ကြန်အထူးရထားကို ရန်ကုန်မှ ဧပြီ(၈၊ ၁၀၊ ၁၂၊ ၁၈၊ ၂၀၊ ၂၂)ရက်များတွင်လည်းကောင်း ထွက်ခွာပေးမည်ဖြစ်သည်။ လမ်းခရီး၌ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနားနှင့် သာစည်ဘူတာများ၌ ရပ်တန့်ပေးမည်ဖြစ်ပြီး အစုန်သင်္ကြန်အထူးရထားကို မန္တလေးမှ နံနက် ၄နာရီထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၆ နာရီ ၁၀မိနစ်တွင် ရောက်ရှိမည်ဖြစ်ပြီး အဆန်သင်္ကြန် အထူးရထားကို ရန်ကုန်မှ နံနက် ၄နာရီ ခွဲထွက်ခွာ၍ မန္တလေးသို့ ညနေ ၆ နာရီ မိနစ် ၄၀တွင် ရောက်ရှိမည်ဖြစ်သည်။

ရထားလက်မှတ် နှုန်းထားများမှာ ရန်ကုန်-မန္တလေး လမ်းပိုင်းပြေးဆွဲနေသည့် အမှတ်(၅) အဆန်၊ (၆)အစုန် အမြန်ရထားလက်မှတ်ခ နှုန်းထားများအတိုင်း အထက်တန်း(အိပ်စင်) ငွေကျပ် ၄၂၅၀၊ အထက်တန်း (ထိုင်ခုံ)ငွေကျပ် ၃၀၉၀၊ ပထမတန်းငွေကျပ် ၁၉၃၀နှင့် ရိုးရိုးတန်း ငွေကျပ် ၁၅၅၀ ဖြစ်သည်။ ရထား လက်မှတ်များကို ရန်ကုန်-မန္တလေးဘူတာကြီးများ၏ အထက်တန်း လက်မှတ်ရုံများ၌ အခြားအမြန်ရထားများနည်းတူ ကြိုတင်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဧပြီ ၃ ရက်က ဆရာစံ(စံပြ) ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ရုံးတွင် နယ်လှည့် စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ရုံးဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ဆရာစံ(စံပြ)ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

# ဖားမင်းဆွေ စက်ဘီးစီးနေသည်၊ လမ်းဘေးဖုန်းကိုသုံးနေသည်

ငါးမင်းဆွေ

ပြည်ပတွင်ထုတ်ဝေသော မဇ္ဈိမသတင်းဂျာနယ်တွင် ကျွန်တော်ငါးမင်းဆွေအကြောင်း သတင်းတစ်ပုဒ် ရေးထားသည်ဟု အသိမိတ်ဆွေတစ်ဦးက အကြောင်းကြားလာသည်။ ကျွန်တော်ဖတ်ရှုနိုင်ရန် အင်တာနက်မှကူးယူပေးထားသည်ဟု ပြောလာသည်။ ရိုးသားစွာ ဝန်ခံရပါလျှင် ဒီနေ့အထိ အင်တာနက်ကို ကြားသာကြားဖူးသည်။ မကြည့်ဖူး မမြင်ဖူးခဲ့ပါ။ ထို့ကြောင့် အသိမိတ်ဆွေအား များစွာကျေးဇူးတင်မိပါသည်။

ကျွန်တော်သည် အသိမိတ်ဆွေထံ ချက်ချင်းသွားပြီး ဖတ်ချင်စိတ်ဖြစ်မိသည်။ သို့သော် သထုံသွားရန် သမီးကြီးကားက လာကြိုတော့မည်ဖြစ်၍ စိတ်လျှော့လိုက်ရသည်။ ကျွန်တော့်အကြောင်း ဘာတွေများရေးထားတာလဲလို့ သိချင်ဇောဖြင့် မေးလိုက်ပါသည်။ အသိမိတ်ဆွေက "အစ်ကိုကြီးကို ဆော်ထားတာပေါ့ဗျာ။ ဖားတစ်ပိုင်း ငါးတစ်ပိုင်း မင်းဆွေကနေ ဖားမင်းဆွေ ဖြစ်လာပြီလို့ ရေးထားတယ်။ အစ်ကိုကြီးရေးတဲ့ "ကုန်ဈေးနှုန်း ကျချင်သလား၊ လျှပ်စစ်မီး မှန်ချင်သလား" ဆောင်းပါးကို ဝေဖန်တိုက်ခိုက်ထားတာပါ။ အစ်ကိုကြီး စိတ်မပျက်ပါနဲ့၊ အစ်ကိုကြီးရေးတာတွေက သူတို့ကို အထိနာသွားစေတယ်၊ ဒါကြောင့် အစ်ကိုကြီးကို ပြန်ဆော်တာ၊ တည့်မတ်မှန်ကန်စွာ ရပ်တည်တဲ့ မြန်မာလူထုက အစ်ကိုကြီးရေးတာတွေကို လက်ခံနေကြပါတယ်"ဟု ပြောသွားပါသည်။

မဇ္ဈိမဂျာနယ်တွင် ကျွန်တော်ငါးမင်းဆွေကို ဖားမင်းဆွေဟု ရေးလိုက်သည့်အတွက် စိတ်မပျက်ပါ။ ဒေါသလည်းမဖြစ်ပါ။ စိတ်လည်းမဆိုးပါ။ ရယ်ချင်စိတ်ပေါ်လာမိပြီး ပြုံးလိုက်ပါတော့သည်။

သထုံနယ်က ငါးကန်တွင် တစ်ပတ်ခန့်ကြာသွားသည်။ အလုပ်ပြီးသည်နှင့် ရန်ကုန်သို့ သုတ်ခြေတင်ခဲ့သည်။ အသိမိတ်ဆွေက အင်တာနက်မှ ကူးယူထားပေးသော မဇ္ဈိမသတင်းဂျာနယ်ပါ "တူမောင်ညို"၏ "ငါးမင်းဆွေကနေ ဖားမင်းဆွေဖြစ်လာပြီ" ဆောင်းပါးကို အားပါးတရ မြိန်ရေယှက်ရည် ဖတ်ရှုလိုက်ပါသည်။

မဇ္ဈိမသတင်းဂျာနယ်ပါ "ငါးမင်းဆွေကနေ ဖားမင်းဆွေဖြစ်ဖြစ်လာပြီ" သတင်းဆောင်းပါးထဲမှ ကျွန်တော်ငါးမင်းဆွေ (တူမောင်ညို၏ အဆိုအရ ဖားမင်းဆွေ)နှင့် ပတ်သက်သော ရေးသားချက်တို့ကို မြန်မာလူထု စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ပါရန် မူရင်းအတိုင်း တစ်ပိုဒ်ချင်း မျဉ်းသားဖော်ပြပြီး ရှင်းလင်းသွားပါမည်။

အရင်က "ဖားတစ်ပိုင်း၊ ငါးတစ်ပိုင်း မင်းဆွေ" ပဲ။

အခု ဖော်လံဖားတဲ့ စာတွေရေးလာတော့ "ဖားမင်းဆွေ" ဖြစ်လာပြီ။

ကြော်ငြာနဲ့ ဈေးဝယ်မဂ္ဂဇင်း (အမှတ် ၁၃၈၊ ဇန်နဝါရီလ) ထဲမှာ အခုလို ဘုံမြှောက် ရေးထားတာ ဖတ်လိုက်ရပါတယ်။ "ထို့ကြောင့် Living Color မဂ္ဂဇင်းအနေဖြင့် ၂၀၀၆ ခုနှစ်အတွင်း ထွက်ရှိခဲ့သော နိုင်ငံပိုင် သတင်းစာဆောင်းပါးများအနက် ဂုဏ်သိက္ခာရှိသော ဆောင်းပါးတစ်ပုဒ်အဖြစ် မှတ်တမ်းတင်ရမည်ဖြစ်သည်။" ယင်းဆောင်းပါးမှာ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာပါရှိတဲ့ "၇၅ မင်းဆွေမှ ၈၈ မင်းကိုနိုင်သို့" ဆိုတဲ့ ဆောင်းပါးကို ရည်ညွှန်းတာဖြစ်ပါတယ်။ ကြည့်ရတာ အနူ တောကလူချောဆိုတာမျိုးပဲ ထင်တယ်။ တစ်ဖက်လှည့်တွေးပြန်ရင်တော့ ၂၀၀၆ ခုနှစ်အတွင်း နိုင်ငံပိုင်သတင်းစာ ဆောင်းပါးတွေဟာ ဂုဏ်သိက္ခာမရှိဘူးလို့ ယူဆမယ်ဆိုရင်လဲ ရတာပေါ့၊ ကျီးဘုတ်မြှောက်၊ ဘုတ်ကျီးမြှောက် လုပ်နေတာတွေလို့ပဲ သဘောထားပါတယ်။

"၇၅ မင်းဆွေမှ ၈၈ မင်းကိုနိုင်သို့" ဆောင်းပါးကိုဂုဏ်သိက္ခာရှိသော သတင်းဆောင်းပါးအဖြစ်၊ Living Color မဂ္ဂဇင်းက ၂၀၀၆ မှတ်တိုင်များအခန်းတွင် မှတ်တမ်းတင်ထားကြောင်း သမီးပြောမှ ကျွန်တော် သိခဲ့ရပါသည်။ ကျွန်တော်သည် Living Color မဂ္ဂဇင်းတွင် တစ်ခါမျှ ရေးသားဖူးခြင်းမရှိခဲ့ပါ၊ ထိုမဂ္ဂဇင်း၏ အယ်ဒီတာများ၊ ဝိုင်းတော်သားများနှင့်လည်း သိကျွမ်းခြင်းမရှိခဲ့ပါ။ ထိုမဂ္ဂဇင်းအကြောင်းကိုလည်း တစ်ခါဖူးမျှမရေးသားခဲ့ပါ။ ထို့ကြောင့် တူမောင်ညို၏ "ကျီးဘုတ်မြှောက်၊ ဘုတ်ကျီးမြှောက်"လို့ပဲ သဘောထားပါတယ်ဆိုသော ရေးသားချက်သည် အသားလွတ် အပုပ်ချရေးသားခြင်းသာဖြစ်ပါသည်။

တူမောင်ညိုက ကျွန်တော် ငါးမင်းဆွေကို အနူတောမှ လူချောလို့ ထင်တယ်ဟု ရေးသားသွားသေးသည်။ မိမိဘာသာမိမိ သန့်ရှင်းစင်ကြယ်စွာ ကိုယ့်အားကိုယ်ကိုး ရှန်းကန်ရှာဖွေ လုပ်ကိုင်နေသော အနူတောမှ လူချော လူသန့်တစ်ဦးနှင့် သူတစ်ပါးပေးစာ ကမ်းစာကို တစာစာ အော်ဟစ်တောင်းခံနေသော အနူတောထဲက အနူရောဂါစွဲကပ်နေသည့် သူတောင်းစားတစ်ဦးတို့သည် မည်သူကပို၍ အဆင့်ရှိပါသလဲလို့ တူမောင်ညိုကို မေးချင်ပါသည်။ တူမောင်ညိုက ကျွန်တော်အား အနူတောမှ လူချောဟုဆိုလိုက်သဖြင့် တူမောင်ညိုကို ကျေးဇူးတင်ပါသည်။ ထို့ကြောင့် တူမောင်ညိုသာလျှင် အနူတောမှ သူတောင်းစားမဖြစ်ပါစေနဲ့ဟု ဆုတောင်းပေးလိုက်ပါသည်။

'ငါးမင်းဆွေ'က ဖော်လံဖားပြီး မတ်လ ၉ ရက်နေ့ မြန်မာ့အလင်းသတင်းစာမှာ "ကုန်ဈေးနှုန်း ကျချင်သလား၊ လျှပ်စစ်မီး မှန်ချင်သလား" ဆိုတဲ့ ဆောင်းပါးရေးလာပြန်ပါတယ်။

ကျွန်တော် ငါးမင်းဆွေ၏ "ကုန်ဈေးနှုန်းကျချင်သလား၊ လျှပ်စစ်မီး မှန်ချင်သလား" ဆောင်းပါးသည် ဖော်လံဖားဆောင်းပါး ဟုတ်၊ မဟုတ် ဆိုသည်ကို မြန်မာစာဖတ်ပရိသတ်များ ကောင်းစွာသိရှိကြပါသည်။ ဆန်ဈေးနှုန်းကျဆင်းစေရန်အတွက် စပါးအထွက်တိုးရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးတို့က ဓာတ်မြေသြဇာ အလုံအလောက် ဖြန့်ဖြူးရောင်းချပေးပါဟု ဆောင်းပါးတွင် အကြံပြုထားပါသည်။ မြေလွတ်မြေရိုင်းများကို အမှန်တကယ် စိုက်ပျိုးသူများအား ခွဲဝေပေးရန် အကြံပြုထားပါသည်။ ထိုမြေလွတ်မြေရိုင်းဖော်ထုတ်သူများကို ချေးငွေများထုတ်ပေးရန်လည်း အကြံပြုထားပါသည်။ နှစ်လုံး၊ သုံးလုံး လောင်းကစားဒိုင်ကြီးများနှင့် ၎င်းတို့ထံမှ လာဘ်ငွေယူသူများကို ပြင်းထန်စွာ အရေးယူသင့်ကြောင်း အကြံပြုထားပါသည်။ ထို့ကြောင့် နှစ်လုံး၊ သုံးလုံးဒိုင်များနှင့် ၎င်းတို့ထံမှ လာဘ်ငွေယူသူများက ကျွန်တော့်အား မကျေမနပ်ဖြစ်ကြသည်။ နှစ်လုံး၊ သုံးလုံး လောင်းကစားခြင်းကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိခိုက်သည်ဟု ငါးမင်းဆွေက ရေးသွားသည်။ ထို့ကြောင့် ငါးမင်းဆွေသည် စိတ်မှကောင်းပါရဲ့လားဟု ဒီမိုကရက်တစ် မြန်မာ့အသံက ပြောသွားသည်၊ လူနေအိမ်ရာ၊ ရပ်ကွက်များ၊ လျှပ်စစ်မီး မှန်ရေး၊ ကျောင်းသား၊ ကျောင်းသူများ စာကျက်နိုင်ရေးအတွက် လေအေးပေးစက်များ ဖြုတ်သိမ်းပေးရန် အကြံပြုထားပါသည်။ လေအေးပေးစက် တပ်ဆင်ထားသူအချို့၏ ပြစ်တင်ပြောဆိုဝေဖန်မှုတို့ကိုလည်း ကျွန်တော် ခံခဲ့ရပါသည်။

ဖော်လံဖားခြင်းဆိုသည်မှာ မိမိကိုယ်ကျိုးစီးပွားအတွက် သူတစ်ပါးကို မြှောက်ပင့်ရေးသားပြောဆိုခြင်းဖြစ်ပါသည်။ "ငါးမင်းဆွေမှ ဒေါ်စုကြည်သို့" ဆောင်းပါး သတင်းစာထဲပါလာပြီးနောက် ကျွန်တော့်ကို ကားကြီးကားကောင်းတစ်စီးရသွားပြီဟု ကောလာဟလသတင်း ထုတ်လွှင့်ခဲ့ကြသည်။ ထိုသတင်းကြောင့် လျှပ်တစ်ပြက်ဂျာနယ်မှ ဆရာမြတ်ခိုင်က အင်တာဗျူးသွားသည်။ ကျွန်တော်က ပရာဒိုကားရသွားသည်မှာ မဟုတ်ကြောင်း၊ ဤသို့စာရေးခြင်းအတွက် ဘာအခွင့်အရေးမျှ မတောင်းကြောင်း၊ မယူ ကြောင်း၊ နိုင်ငံတော်က ပေးလျှင်သော်မှ မယူကြောင်း၊ စာ၏တန်ဖိုးကို ဘာနှင့်မျှမလဲနိုင်ကြောင်း လျှပ်တစ်ပြက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၇)တွင် ရှင်းလင်းပြောကြားခဲ့ပါသည်။

"ငါးမင်းဆွေ"က သူ့ဆောင်းပါးထဲမှာ ကုန်ဈေးနှုန်းတွေ တက်နေတာ၊ လျှပ်စစ်မီးတွေ မှန်မှန်မလာတာတွေကို ဝန်ခံထားတယ်။ သူလည်း ကုန်ဈေးနှုန်းတွေ ကျဆင်းစေချင်တဲ့အထဲ ပါဝင်ပါသတဲ့။ ဒါပေမယ့် သိမ်ကြီးဈေးရှေ့ မဟာဗန္ဓုလလမ်းပေါ် ဆန္ဒပြကြသူတွေလိုတော့ သတ္တိမရှိပါဘူး။

တူမောင်ညို ကသိမ်ကြီးဈေးရှေ့ မဟာဗန္ဓုလလမ်းပေါ် ဆန္ဒပြခဲ့သော ထင်ကျော် ခေါင်းဆောင်သည့် လူ ၁၀ ယောက် ၁၅ ယောက်လောက်ကိုပဲ သတ္တိရှိကြသည်။ ကျန်တဲ့ သန်းငါးဆယ်ကျော်သော မြန်မာတွေ လမ်းမပေါ် ထွက်ပြီး ဆန္ဒမပြကြတာကို သတ္တိမရှိကြ၍ဟု ဆိုလိုရင်းဖြစ်သည်။ ထိုအထဲတွင် ငါးမင်းဆွေလဲ ပါသည်ဟု သူကဆိုချင်သည်။ တူမောင်ညိုသည် ကျွန်တော်အပါအဝင် သန်းငါးဆယ်ကျော်သော မြန်မာလူထုကို ဆယ်ပေါင်တူဖြင့် ထုလိုက်ခြင်း ဖြစ်ပါသည်။

**ယနေ့ မြန်မာတို့၏ စိတ်ဓာတ်သည် ၁၉၈၈ ခုနှစ်မတိုင်မီက စိတ်ဓာတ်မျိုး မဟုတ်တော့ပါ။ ခေတ်အခြေအနေ ပြောင်းခဲ့သောကြောင့် မြန်မာတို့၏ စိတ်အခြေအနေသည်လည်း ပြောင်းခဲ့ပါပြီ။ လမ်းမပေါ် ဆန္ဒပြခြင်းသည် သတ္တိမဟုတ်။ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ကိုယ်ကျိုးစွန့်လုပ်ဆောင်ခြင်းသည်သာ သတ္တိဖြစ်ကြောင်း ဘယ်သူခွဲခွဲ သွေးမကွဲဘဲ စည်းလုံးညီညွတ်ခြင်းသည်သာ သတ္တိအင်အားဖြစ်ကြောင်း မြန်မာတို့ သိရှိလာကြပါပြီ။ ထို့ကြောင့် ထင်ပေါ်လိုသော ထင်ကျော်၏လုပ်ရပ်နှင့် ပြည်ပမီဒီယာတို့၏ မြှောက်ထိုးပင့်ကော်လုပ်ရပ်တို့သည် ရေပြင်ပေါ်တွင် အရုပ်ရေးသလို ဖြစ်ခဲ့ရသည်။**

အခုလို ဆန္ဒပြမှုကလေးတွေကနေ လူထုအုံကြွမှုကြီးအထိ ကျယ်ပြန့်သွားမှာကိုလည်း ထိတ်လန့်စိုးရိမ်နေကြောင်း ဖော်ပြထားပါသည်။ လူထုအုံကြွမှုကြီးဖြစ်လာရင် အခြေခံလူတန်းစားတွေ အငတ်ဘေးကြီးဆိုက်သွားမယ်လို့လည်း ခြိမ်းခြောက်လိုက်ပါသေးတယ်။ ထမင်းငတ်တဲ့ဗိုက်က ကျည်ဆန်မကြောက်ဘူးလို့ အဖြေပေးပြီးသားပါ။

ဆူပူအုံကြွမှုကြီးဖြစ်လာလျှင် အခြေခံလူတန်းစားများ အငတ်ဘေးကြီး ဆိုက်နိုင်သည်ဟု ရေးသားခဲ့ခြင်းသည် တူမောင်ညိုပြောသလို ငါးမင်းဆွေက အခြေခံလူတန်းစားများကို ခြိမ်းခြောက်ခြင်းမဟုတ်ပါ။ ငါးမင်းဆွေသည် အခြေခံလူတန်းစားများနှင့် လက်ရည်တစ်ပြင်တည်း ထိတွေ့နေထိုင်နေသူဖြစ်ပါသည်။ သူတို့နှင့် ထမင်းတစ်အိုးတည်း နှိုက်စားနေသူဖြစ်ပါသည်။ မျက်မြင်ကိုယ်တွေ့ သိရှိလိုပါလျှင် တူမောင်ညိုကိုယ်တိုင် သထုံမြို့နယ် ဆိပ်ကျွန်းကျေးရွာရှိ ငါးမင်းဆွေ၏ ငါးမွေးမြူရေးလုပ်ငန်းခွင်သို့ လာရောက်လေ့လာနိုင်ပါသည်။

မကြာသေးမီက ရန်ကုန်တိုင်းမ်ဂျာနယ်နှင့် ဖလားဝါးဂျာနယ်တို့တွင် ဖော်ပြခဲ့သော ငါးမင်းဆွေ၏ "သူတို့ဖို့လည်း ပိုချစ်ပါ" ဆောင်းပါးကို ရှာဖတ်ကြည့်ပါ။ ရှာ၍မရတော့လျှင် ရန်ကုန်ဆိပ်ကမ်းသာလမ်းရှိ ရန်ကုန်တိုင်းမ်မီဒီယာအဖွဲ့တွင် အခမဲ့ သွားရောက်ဖတ်ရှုနိုင်ပါသည်။ ထိုဆောင်းပါးတွင် ငါးမင်းဆွေနှင့် လက်ရည်တစ်ပြင်တည်း နေထိုင်ကြသော အခြေခံလူတန်းစားများနှင့် သူတို့သားသမီးများ ဒုက္ခရောက်နေရပုံကို သတင်းဓာတ်ပုံနှင့်တကွ ဖော်ပြထားပါသည်။ ဆောင်းပါး၏ နိဂုံးအပိုင်းတွင် လူကြီးမင်းတို့၏ သားသမီး၊ မြေးမြစ်များကို လူကြီးမင်းတို့ချစ်သလို ဒုက္ခပင်လယ်ဝေနေကြသော ကိုယ့်နိုင်ငံသား အခြေခံလူတန်းစားများ၏ သားသမီးတို့ဖို့လည်း ပိုချစ်ပေးကြပါလို့ ကျွန်တော် အနူးအညွတ် မေတ္တာရပ်ခံပါသည်၊ တောင်းပန်ပါသည်ဟု ရေးသားထားပါသည်။ အခြေခံလူတန်းစားဘက်မှ ရပ်တည်နေသော ငါးမင်းဆွေအား အခြေခံလူတန်းစားများကို ခြိမ်းခြောက်သူအဖြစ် တူမောင်ညို၏ ရေးသားစွပ်စွဲမှုသည် အပုပ်ချရေးသားမှုသာဖြစ်ပါသည်။ တူမောင်ညိုသည် သားတို့သမီးတို့၏ အဖေကြီး ငါးမင်းဆွေကို ကေသီပန်သွေးပုပ်ချဆေးတိုက်လိုက်ခြင်းဖြစ်သည်။

တူမောင်ညိုက ထမင်းငတ်တဲ့ဗိုက်က ကျည်ဆန်မကြောက်ဘူးလို့ ပြောသွားသည်။ ကောင်းပါပြီ။ စမ်းသပ်မှုလေးတစ်ခုလုပ်ကြည့်ရအောင်။ တူမောင်ညိုကို အခန်းတစ်ခုတည်း ပိတ်လှောင်ထားမည်။ ထမင်းမကျွေးဘဲထားမည်။ ကျည်ထိုးထားသော ပစ္စတိုသေနတ်တစ်လက် ပေးထားမည်။ ထမင်းမစားရဘဲ နှစ်ရက်ကြာလာသောအခါ တူမောင်ညိုသည် ထမင်းဆာလာပြီ၊ ထမင်းငတ်လာပြီဖြစ်သည်။ ထိုအခါ ထမင်းငတ်သောဗိုက်သည် ကျည်ဆန်မကြောက်ဟုပြောသော တူမောင်ညိုက ထမင်းငတ်နေသော မိမိဗိုက်ကို မိမိကိုပေးထားသော ကျည်ထိုးထားသည့် ပစ္စတိုဖြင့် ချိန်လိုက်ပြီး မောင်းကိုဆွဲဖြုတ်လိုက်ပါ။ ဘယ်လိုလည်း တူမောင်ညို ပြောရုံနဲ့တင် အူယားသွားပြီ မဟုတ်လား။

မြန်မာနိုင်ငံတွင် ထမင်းငတ်သော ဗိုက်မရှိသေးပါ။ ယခုအခါ ကျွန်တော့်ဆားကွင်းတွင် ဆားကျုံးရန် အလုပ်သမား အခက်အခဲဖြစ်နေသည်။ ငါးကန်တူးရန်လည်း အလုပ်သမားလိုက်ရှာနေရသည်။ မြန်မာနိုင်ငံတွင် အလုပ်အကိုင်ပေါများပြီး လုပ်သားရှားပါးနေပါသည်။ အလုပ်အကိုင်ပေါသော မြန်မာနိုင်ငံတွင် အလုပ်လုပ်လျှင် မည်သူမျှ ထမင်းမငတ်ပါ။ အလုပ်မလုပ်ဘဲနှစ်လုံး၊ သုံးလုံးထိုးလျှင်တော့ သူများအိမ်မှာ ဆန်လိုက်ချေးရပေလိမ့်မည်။

တိုင်းပြည်မှာ အခြေခံလူတန်းစားတွေ အများစုဖြစ်တဲ့ လယ်သမား၊ အလုပ်သမား၊ မြို့နေဆင်းရဲသားတွေ၊ ဝန်ထမ်းတွေ ဘာကြောင့် အခုလို ဆင်းရဲနေကြရတာလဲ။ တိုင်းပြည်ရဲ့ ဥစ္စာဓနတွေကို အထက်တန်းစားတွေဖြစ်တဲ့ စစ်ဗိုလ်ချုပ်ကြီးတွေ၊ သူတို့ရဲ့ ဆွေမျိုးအသိုင်းအဝိုင်းတွေ၊ စစ်ဗိုလ်ချုပ်တွေနဲ့ပေါင်းပြီး စီးပွားဖြစ်နေကြတဲ့ စစ်ဗျူရိုကရက် လူတန်းစားတွေက လုယက်အပိုင်စီးထားကြလို့ပဲဖြစ်ပါတယ်။ ဒီအရင်းခံ အကြောင်းတရားကို "ငါးမင်းဆွေ" မဖော်ထုတ်ဝံ့ဘူး။

တူမောင်ညိုက ယနေ့ခေတ်ကာလတွင် လယ်သမား၊ အလုပ်သမား၊ မြို့နေဆင်းရဲသားတွေ၊ ဝန်ထမ်းတွေ ဆင်းရဲနေကြသည်ဟု ဆိုသွားသည်။ ကျွန်တော်သည် မြန်မာနိုင်ငံအနှံ့ ကျေးလက်ဒေသများတွင် နေထိုင်လုပ်ကိုင်ခဲ့သည်။ လယ်သမားလူတန်းစားတို့မှာ ယခင်ခေတ်ကနှင့် မတူဘဲ အိမ်ကောင်းရာကောင်းများ ဆောက်လာနိုင်ကြသည်။ ကိုယ်ပိုင်ကား၊ ကိုယ်ပိုင်ဆိုင်ကယ်များ စီးလာနိုင်ကြသည်။ သားသမီးများကို တက္ကသိုလ်

**ယနေ့ မြန်မာတို့၏ စိတ်ဓာတ်သည် ၁၉၈၈ ခုနှစ်မတိုင်မီက စိတ်ဓာတ်မျိုးမဟုတ်တော့ပါ။ ခေတ်အခြေအနေ ပြောင်းခဲ့သောကြောင့် မြန်မာတို့၏ စိတ်အခြေအနေသည်လည်း ပြောင်းခဲ့ပါပြီ။ လမ်းမပေါ် ဆန္ဒပြခြင်းသည် သတ္တိမဟုတ်။ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ကိုယ်ကျိုးစွန့်လုပ်ဆောင်ခြင်းသည်သာ သတ္တိဖြစ်ကြောင်း၊ ဘယ်သူခွဲခွဲ သွေးမကွဲဘဲ စည်းလုံးညီညွတ်ခြင်းသည်သာ သတ္တိအင်အားဖြစ်ကြောင်း မြန်မာတို့ သိရှိလာကြပါပြီ။**

ပညာများ သင်ပေးလာနိုင်ကြသည်။ ကျန်းမာရေးချို့တဲ့သောအခါ မြို့ကြီးများပေါ်ရှိ အထူးကုဆေးရုံကြီးများတွင် တက်ရောက်ကုသလာနိုင်ကြသည်။

ကျွန်တော့်ဖခင် ဦးထွန်းငြိမ်းသည် စပါးလယ်၊ ဆားလယ်များကို လုပ်ကိုင်သော လယ်သမားတစ်ဦးဖြစ်သည်။ တပ်မတော် အစိုးရလက်ထက်တွင် ကျိုက်ထိုမြို့ပေါ်၌ ကြီးကျယ်ခမ်းနားသော တိုက်အိမ်ကြီးနှစ်လုံးကို ဆောက်လုပ်ပြီး နေထိုင်လာနိုင်သည်။ ကိုယ်ပိုင်ကားလည်း စီးနေသည်။ ကျွန်တော့်အစ်ကို ကိုစောအုန်းသည်လည်း လယ်သမားတစ်ဦးဖြစ်သည်။ သူလည်း သထုံမြို့ပေါ်တွင် အိမ်နှင့်ကားနှင့် ဖြစ်နေသည်။ အစ်မငယ် မစောမြင့်သည်လည်း လယ်သမားဖြစ်သည်။ သူလည်း ကျိုက္ခမီမြို့တွင် အိမ်ပိုင်ကားပိုင်နှင့် ဖြစ်သည်။ အငယ်ဆုံးညီမ ချိုချိုမင်းသည်လည်း လယ်သမားတစ်ဦးဖြစ်သည်။ သူလည်း သထုံမြို့ပေါ်တွင် တိုက်နှင့် ကားနှင့်ပင်ဖြစ်သည်။ သူတို့သည် မိမိ၏ လယ်ယာခြံမြေလုပ်ငန်းများကိုသာ လုပ်ကိုင်ကြပါသည်။ ကုန်သည်ပွဲစား၊ အရောင်းအဝယ်လုပ်ငန်းကို မလုပ်ကြပါ။ သို့ဆိုပါလျှင် တူမောင်ညိုက လယ်သမားတွေ ဆင်းရဲပါသည်ဟု ဘာကြောင့်ပြောနေပါသနည်း။ လယ်သမားများနေထိုင်သော ကျေးလက်ဒေသများသို့ တူမောင်ညို ခရီးထွက်လိုက်ပါဦး။

လယ်သမားအချို့တို့သည် မိမိစိုက်ပျိုးသော သီးနှံမပေါ်ခင်ကတည်းက ကုန်သည်ပွဲစားများထံမှ ငွေထုတ်ယူကြပြီး မူးယစ်သောက်စားလောင်းကစားပြုလုပ်ကြသည်။ သီးနှံထွက်လာသောအခါ အနိမ့်ဈေးဖြင့်ပေးရသည်။ လောင်းကစားခြင်းကိုသာ စိတ်ဝင်စားနေ၍ လုပ်ငန်းထိခိုက်ပြီး သီးနှံကလည်း ထွက်သင့်သလောက်မထွက်၊ဤသို့ နှစ်ဖက်နာ၊ သုံးဖက်နာဖြစ်ပြီး လယ်သမားအချို့ ဒုက္ခရောက်ကြရသည်။ မိမိအသုံးမကျပါလျှင် ကုဋေရှစ်ဆယ် သူဌေးသားပင်လျှင် ခွက်ဆွဲတောင်းစားရကြောင်းကို တူမောင်ညို သင်ခဲ့ရပေလိမ့်မည်။

တစ်ခုတော့ ပြောစရာရှိသည်။ ကျွန်တော် ငါးမင်းဆွေသည်လည်း ဆားလယ် (Salt Farm)၊ ငါးကန် (Fish Farm) တို့ကို လုပ်ကိုင်သော လယ်သမား (Farmer) တစ်ဦးဖြစ်သည်။ ကျွန်တော်သည် ရန်ကုန်မြို့တွင် ကိုယ်ပိုင်တိုက်ခန်းတစ်ခန်းနှင့် လုံးချင်းအိမ်ရာတို့ကို ပိုင်ဆိုင်ထားသည်။ သို့သော် ငါးမွေးမြူရေးလုပ်ငန်း မဖွံ့ဖြိုးသေးသော သထုံနယ်တွင် ငါးမွေးမြူရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်လိုသောကြောင့် စီးနေသော ကားနှင့် ကိုင်နေသော လက်ကိုင်ဖုန်းတို့ကို ရောင်းလိုက်ရပါသည်။ သထုံနယ်တွင် သွားရေးလာရေးအတွက် ဆိုင်ကယ်တစ်စီးလောက် ဝယ်စီးလျှင် ကောင်းမလားလို့ စိတ်ကူးမိသည်။ လိုင်စင်နှင့် ဆိုင်ကယ်တစ်စီးကလည်း ကျပ်သိန်းနှစ်ဆယ်လောက်ဖြစ်နေသည်။ ထို့ကြောင့် ဆိုင်ကယ်ကိုပင် ဝယ်မစီးဖြစ်ခဲ့။ ညီမငယ် ချိုချိုမင်းက အစ်ကိုတစ်ယောက် ဖိုသီဖတ်သီဖြင့် ဆိုက်ကားစီးလိုက်၊ လိုင်းကားတိုးစီးလိုက် လုပ်နေသည်ကို မမြင်ရက်သဖြင့် စပါးတွေရောင်းပြီး လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးကို ရှစ်သိန်းဖြင့် ဝယ်ပေးခဲ့သည်။ လိုင်စင်မဲ့ဆိုင်ကယ်ကို သက်ဆိုင်ရာက သိမ်းဆည်းမည်ဟု သတင်းကြား၍ ညီမငယ်အား ပြန်ရောင်းခိုင်းလိုက်ရပါသည်။ သို့နှင့် ကျွန်တော်လည်း သွားရေးလာရေးအတွက် စက်ဘီးဆိုင်မှ ဂျပန်ဘီးတစ်စီးကို ကိုးသောင်းဖြင့် ဝယ်စီးခဲ့ရပါသည်။ ဂျပန်ဘီးက ကျွန်တော်မဝယ်မီနှစ်လလောက်က ခုနစ်သောင်းခွဲပဲရှိသည်။ သထုံနှင့် မြဝတီကြားတွင် အဖမ်းအဆီးများ၍ ဈေးတက်သွားသည်။ ကျွန်တော်သည် ဆိပ်ကျွန်းငါးကန်မှ ကျိုက္ကော်မြို့သို့ ငါးမိုင်ခရီးကို စက်ဘီးဖြင့်လာသည်။ ကျိုက္ကော်ရောက်လျှင် စက်ဘီးကို ဦးစော်ကဲအိမ်တွင် အပ်ပြီး ရန်ကုန်သို့ လိုင်းကားဖြင့် လာသည်။ ထို့ကြောင့် တူမောင်ညိုပြောသော ဖားမင်းဆွေသည် စက်ဘီးစီးနေပါသည်။

ဖားမင်းဆွေသည် စက်ဘီးစီးပြီး သထုံနယ် ဆိပ်ကျွန်းရွာတွင် ငါးမွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လိုက်သောကြောင့် ယခုနှစ်တွင် ငါးပိဿာ လေးသောင်းခန့် ထွက်ရှိခဲ့ပါသည်။ သထုံနယ်သားတို့သည် မွေးမြူရေးငါးများကို ယခင်က ရန်ကုန်မှ ဝယ်စားခဲ့ရပါသည်။ မွေးမြူရေးငါးတစ်ပိဿာကို လက်လီဈေးတွင် ကျပ်နှစ်ထောင်ခန့် ပေးရသည်။ ယခု ကျွန်တော့်ငါးကန်မှ ငါးထွက်ရှိလာသောကြောင့် မွေးမြူရေးငါးတစ်ပိဿာလျှင် လက်လီဈေးတွင် ကျပ် ၁၅၀၀၊ ၁၆၀၀ ဖြစ်သွားသည်။ ထို့ကြောင့် ငါးဈေးတစ်ပိဿာကျပ် လေးငါးရာကျဆင်းသွားသည်။ အလှူအတန်းလုပ်သော အိမ်များက ကျွန်တော့်ငါးကန်တွင် ပိဿာကိုးဆယ်၊ တစ်ရာ လာဝယ်ကြသည်။ သူတို့ကို ဖောက်သည်ဈေး ကျပ် ၁၂၀၀၊ ၁၃၀၀ ဖြင့် ရောင်းချပေးသည်။ ရွာမှ အမျိုးသမီးများက ကျွန်တော့်ငါးကန်မှ ငါးများကို ခေါင်းရွက်ဗျပ်ထိုး ဝယ်ယူရောင်းချကြရာ တစ်ဦးလျှင် တစ်နေ့ ငါးထောင်မှ တစ်သောင်းအထိ မြတ်ကြသည်။ သို့ရာတွင် ကျွန်တော့် ငါးကန်ဖော်ခြင်းသည် တစ်လခန့်နှင့် ပြီးဆုံးသွားသည်။ သထုံနယ်တွင် တစ်နှစ်ပတ်လုံး သားငါးဈေးကျဆင်းစေရန် ကျွန်တော့်လိုလူမျိုး ၁၀ ယောက်၊ ၁၅ ယောက်လောက် ထပ်လိုနေပါသည်။ ထို့ကြောင့် မင်းကိုနိုင်ကို ကျွန်တော်လုပ်ငန်းလုပ်ရာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဘက်တွင် စီးပွားရေးလုပ်ငန်း လာရောက်လုပ်ကိုင်ရန် အကြံပြုခဲ့ရခြင်းဖြစ်သည်။ အမေရိကန်မှ ရော်နယ်ရီဂင်သည် နွားမွေးပြီး နိုင်ငံရေး လုပ်ခဲ့သည်။ ထို့ကြောင့် မင်းကိုနိုင်သည်လည်း ငါးမွေးပြီး နိုင်ငံရေး လုပ်နိုင်ပါသည်။

မြို့နေ အခြေခံလူတန်းစားအချို့တို့သည် ယနေ့ခေတ်တွင် တဲပေါ်မှ တိုက်ပေါ်သို့ ရောက်သွားကြသည်။ ဝန်ထမ်းအချို့သည်လည်း မြို့သစ်များတွင် ကိုယ်ပိုင်အိမ်ရာများနှင့် ဖြစ်လာကြသည်။

တိုင်းပြည်ဥစ္စာခနေတွေကို တူမောင်ညိုပြောသလို ဗိုလ်ချုပ်ကြီးများနှင့် သူတို့ရဲ့ ဆွေမျိုးအသိုင်းအဝိုင်းက အပိုင်စီးမထားပါ။ ဗိုလ်ချုပ်ကြီးတစ်ဦး၏သားသည် ငါးမွေးမြူရေးကို လုပ်ကိုင်နေပါသည်။ ဝန်ကြီးတစ်ဦး၏သားသည်လည်း ငါးမွေးမြူရေးကို လုပ်ကိုင်နေပါသည်။ ကျွန်တော်နှင့် မြန်မာနိုင်ငံသားတို့သည်လည်း သူတို့နည်းတူ ငါးမွေးမြူရေးကို လွတ်လပ်စွာ လုပ်ကိုင်နိုင်ပါသည်။ တူမောင်ညိုလည်း လုပ်ကိုင်လိုပါလျှင် ကျွန်တော်နှင့် ဆက်သွယ်ပါ။ မဆလခေတ်က ဗဟိုမှ ချုပ်ကိုင်သော ပြည်သူပိုင်စီးပွားရေးစနစ်ကြောင့် စစ်ဗိုလ်ချုပ်တို့၏ သားသမီးများ၊ ဝန်ကြီး၊ ဝန်လေးတို့၏ သားသမီးများ စီးပွားမချမ်းသာခဲ့ကြပါ။ တိုင်းပြည်လူထုလည်း မွဲခဲ့ပါသည်။ ထိုခေတ်ကို တူမောင်ညို ပြန် သွားလိုပါသလား။

**ယခုခေတ်တွင် ဈေးကွက်စီးပွားရေးစနစ်ကြောင့် မြန်မာနိုင်ငံသားအချို့ ချမ်းသာလာကြသည်။ မြန်မာနိုင်ငံသားများ ချမ်းသာလာခြင်းသည် တိုင်းပြည် ချမ်းသာလာခြင်းဖြစ်သည်။ လူတစ်ယောက်သည် ဘယ်လောက်ချမ်းသာချမ်းသာ လင့်ခရူဆာကားနှစ်စီးကို ပေါင်ခွပြီး မစီးနိုင်ပါ။ သူတို့ချမ်းသာလာ၍ လုပ်ငန်းသစ်များ တိုးချဲ့လုပ်ကိုင်လာပါက ထုတ်ကုန်များကို ပြည်သူများ သုံးစွဲရသည်။ သူတို့လုပ်ငန်းတွင် ပြည်သူများ အလုပ်အကိုင်ရကြသည်။ သူတို့ချမ်းသာလို့ လေယာဉ်ကုမ္ပဏီထောင်လည်း ကျွန်တော်တို့ပဲ စီးရတာပဲ မဟုတ်လား။ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးသည် ပျားနှင့်တူပါသည်။ သူတို့ရှာဖွေစုဆောင်းသော ဥစ္စာခနေပျားရည်ကို လူထုသာလျှင် စားသုံးကြရသည်။ သို့ရာတွင် တိုင်းပြည်ကို ကိုက်ဖဲ့စားသောက်ပြီး ချမ်းသာလာသော ခြနှင့်တူသည့် စီးပွားရေးသမားတွေကိုတော့ ကျွန်တော်တို့ လက်မခံနိုင်ပါ။** ဤအကြောင်းကို ရန်ကုန်တိုင်းမ်ဂျာနယ်တွင် "ခြလား ပျားလား" ဆောင်းပါးဖြင့် ကျွန်တော်အကျယ်တဝင့် ရေးခဲ့ပြီးဖြစ်ပါသည်။

ပြီးတော့ သူကစစ်အစိုးရရဲ့ ညောင်နှစ်ပင်ညီလာခံရလဒ်ကို ရှင်ပြုတော့မည့် သားငယ်ဘဝရောက်နေတယ်လို့ ဆိုတယ်။ အဓိပ္ပာယ်ကတော့ ပြည်သူလူထု လူတန်းစား လူ့အလွှာပေါင်းစုံက ဝိုင်းဝန်းဆန့်ကျင့်နေကြတယ်လို့ ပြောချင်တာလို့ ထင်ပါတယ်။

ဒီတစ်ခါတော့ တူမောင်ညို၏ ထင်မြင်မှုသည် တက်တက်စင်အောင် လွဲချော်နေပြီး လုပ်ကြံရေးသားထားခြင်းဖြစ်ကြောင်း ထင်ရှားနေပါသည်။ ကျွန်တော်၏ ဆောင်းပါးထဲတွင် "ညောင်နှစ်ပင်ညီလာခံ" ဆိုတာ မရေးထားပါ။ ရေးထားတာက နိုင်ငံတော်ကို ရှင်သာမဏေဝတ်မည့် သားငယ်ကဲ့သို့ အန္တရာယ်တစ်စုံတစ်ရာ မကျရောက်စေရန် နိုင်ငံသားတိုင်းက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြပါဟု တိုက်တွန်းနှိုးဆော်ရေးသားထားခြင်း ဖြစ်ပါသည်။ တူမောင်ညိုပြောသလို ညောင်နှစ်ပင်ညီလာခံရလဒ်သည် ရှင်ပြုတော့မည့်သားငယ်ဘဝကို ရောက်နေတယ်ဆိုပါလျှင်လည်း ရှင်ပြုတော့မည့် သားငယ်ဘဝကို ပြည်သူလူထု လူတန်းစားလူ့အလွှာအသီးသီးက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြမည်သာ ဖြစ်သည်။ ရှင်ပြုတော့မည့် သားငယ်ကို ပြည်သူလူထု လူတန်းစား လူ့အလွှာပေါင်းစုံက ဆန့်ကျင်နေကြတယ်ဆိုသော တူမောင်ညို၏ စကားသည် အမျိုးဘာသာ သာသနာကို စော်ကားလိုက်ခြင်းပင် ဖြစ်ပါသည်။

"ငါးမင်းဆွေ"က ဆန်နဲ့ အထွေထွေကုန်ဈေးနှုန်းတွေ ကျဆင်းဖို့ စီးပွားရေးအမြော်အမြင် ကြီးမားစွာနဲ့ မြေလွတ်မြေရိုင်းပလပ်မြေများတွင် စပါးတိုးချဲ့ စိုက်ပျိုးပါလို့ စေတနာဗရပွနဲ့ အကြံတွေပေးထားပါသေးတယ်။

ဆန်ဈေးနှုန်းကျဆင်းစေရန် မြေလွတ်မြေရိုင်းပလပ်မြေများတွင် စပါးတိုးချဲ့စိုက်ပျိုးရမည် ဆိုသည်ကို မူလတန်းအဆင့် ကလေးကအစ သိပါသည်။ အဆိုးမြင်ဝါဒသမားတွေကတော့ ဒီအချက်ကို သိလျက်နှင့် မသိဟန်ဆောင်နေကြပြီး ဆန်ဈေးတက်တာကို တရားခံလိုက်ရှာနေကြသည်။ တကယ်တော့ နိုင်ငံတော်တွင် စားနပ်ရိက္ခာ ပေါများအောင် လုပ်ရမည့် တာဝန်သည် ပါးစပ်ပေါက်ပါသော အရွယ်ရောက်သည့် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါသည်။ တူမောင်ညိုမှာလည်း တာဝန်ရှိပါသည်။ နိုင်ငံသူ နိုင်ငံသားတွေ စားဖို့ တူမောင်ညိုဘာတွေ ထုတ်လုပ်ပေးခဲ့ပြီလဲ၊ ဒီလို ထုတ်လုပ်နိုင်အောင် ဘာတွေ ဝန်ဆောင်မှုပေးခဲ့ ပါပြီလဲ။ ကျေးဇူးပြု၍ အဖြေပေးပါ။

ဟုတ်ကဲ့။

ဆန်စပါးစိုက်ဧကတွေနဲ့ စပါးထွက်တွေ တိုးပွားလာသလောက် ကုန်ဈေးနှုန်းတွေ ကျဆင်းသွားပါရဲ့လား။

တိုးများလာတယ်လို့ဆိုတဲ့ စပါးအထွက်နှုန်းတွေကလဲ စာရွက်ပေါ်က လိမ်ညာဖော်ပြထားတဲ့ ကိန်းဂဏန်းတွေပဲလား။

ကျွန်တော့်ရဲ့ဆောင်းပါးကို တူမောင်ညိုသေသေချာချာ ဖတ်ပြီးမှ ဝေဖန်သင့်ပါသည်။ ကျွန်တော့်ဆောင်းပါးထဲမှာ ကျွန်တော်မြင်တွေ့နေရတဲ့ လယ်တွေမှာ ဓာတ်မြေဩဇာမသုံးနိုင်လို့၊ လယ်သမားတွေ ဝီရိယမစိုက်လို့ တစ်ဧက စပါးနှစ်ဆယ့်ငါးတင်းနှုန်းပဲ ထွက်တယ်လို့ ရေးသားထားပါသည်။ အချို့ဝန်ထမ်းများအပိုင်းတွင်လည်း ကွင်းဆင်းပညာပေးကွပ်ကဲမှုအားနည်းနေသည်၊ စာရင်းအင်းဆိုင်ရာ တင်ပြမှုအားနည်းနေသည်ဟု ရေးထားပါသည်။

လျှပ်စစ်မီး မှန်မှန်ရဖို့ဆိုရင် "ငါးမင်းဆွေ" အနေနဲ့ ရေများများရဖို့ မိုးများများရွာအောင် လွန်ဆွဲဖို့ဆိုတဲ့ အကြံပဲ ပေးစရာရှိပါလိမ့်မယ်။ ကြက်ဆူပင်တွေကလည်း အခုမှ စိုက်နေတုန်း၊ သဘာဝဓာတ်ငွေ့ကတော့ ထိုင်းနိုင်ငံကို ထုတ်ရောင်းလိုက်လို့ ပြည်တွင်းသုံးစရာ လက်ကျန်မရှိတော့ဘူး။ ရေအားလျှပ်စစ် စီမံကိန်းကြီး ကိုးခုကလဲအခုမှ ဆောက်လုပ်နေဆဲဖြစ်ပါတယ်လို့ တူမောင်ညိုက ဆိုထားပြန်ပါတယ်။

ဘယ်နိုင်ငံမဆို နိုင်ငံခြားသုံးငွေ လိုအပ်ပါတယ်။ နိုင်ငံခြားသုံးငွေရဖို့ မိမိထုတ်ကုန်ကို ပြည်ပရောင်းချဖို့ လိုပါတယ်။ သဘာဝဓာတ်ငွေ့ကို ထိုင်းကို အကုန်ရောင်းလိုက်တာ မဟုတ်ပါဘူး။ ပြည်တွင်းကုန်ထုတ်စက်ရုံတွေ အတွက်သုံးပါတယ်။ ပြည်တွင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေအတွက်လည်း သုံးနေပါတယ်။ CNG ကားတွေအတွက်လည်း သုံးနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့၊ တူမောင်ညိုတို့ ငါးဆယ်ပေးပြီး လှည်းတန်းကနေ ဆူးလေအထိသွားနိုင်ကြတာ မဟုတ်လား။ သဘာဝဓာတ်ငွေ့ဆိုတာက တူးဖော်ထုတ်လုပ်ပြီးလျှင် သိုလှောင်ရတာ အခက်အခဲရှိလို့ အကုန်ရောင်း၊ အကုန်သုံးရပါသည်။ ထုတ်လုပ်တဲ့ သဘာဝဓာတ်ငွေ့တွေကို လက်ကျန်ထား၍ မရပါ။ လက်ကျန်ရှိလျှင် မီးရှို့ပစ်ရပါသည်။

ယခုခေတ်တွင် ဈေးကွက်စီးပွားရေးစနစ်ကြောင့် မြန်မာနိုင်ငံသားအချို့ ချမ်းသာလာကြသည်။ မြန်မာနိုင်ငံသားများ ချမ်းသာလာခြင်းသည် တိုင်းပြည် ချမ်းသာလာခြင်းဖြစ်သည်။ လူတစ်ယောက်သည် ဘယ်လောက်ချမ်းသာ ချမ်းသာ လင့်ခရူဆာကားနှစ်စီးကို ပေါင်ခွပြီး မစီးနိုင်ပါ။ သူတို့ချမ်းသာလာ၍ လုပ်ငန်းသစ်များ တိုးချဲ့လုပ်ကိုင်လာပါက ထုတ်ကုန်များကို ပြည်သူများ သုံးစွဲရသည်။ သူတို့လုပ်ငန်းတွင် ပြည်သူများ အလုပ်အကိုင် ရကြသည်။ သူတို့ချမ်းသာလို့ လေယာဉ်ကုမ္ပဏီထောင်လည်း ကျွန်တော်တို့ စီးရတာပဲ မဟုတ်လား။ နိုင်ငံတော်၏ စီးပွားရေး လုပ်ငန်းရှင်ကြီးတစ်ဦးသည် ပျားနှင့်တူပါသည်။ သူတို့ ရှာဖွေစုဆောင်းသော ဥစ္စာခနေ ပျားရည်ကို လူထုသာလျှင် စားသုံးကြရသည်။ သို့ရာတွင် တိုင်းပြည်ကို ကိုက်ဖဲ့ စားသောက်ပြီး ချမ်းသာလာသော ခြနှင့်တူသည့် စီးပွားရေးသမားတွေကိုတော့ ကျွန်တော်တို့ လက်မခံနိုင်ပါ။

ဒီလို အထွေထွေဗဟုသုတ အခြေခံကိုတောင်မသိဘဲ ကမ္ဘာအနှံ့ဖြန့်ချိတဲ့ မဇ္ဈိမဂျာနယ်ကြီးမှာ တူမောင်ညို သတင်းရေးနေတာကို ကျွန်တော် အံ့ဩမိပါတယ်။

လျှပ်စစ်ဓာတ်အား မလုံလောက်တဲ့ ယခုလိုအချိန်အခါမှာ ခြိုးခြံသုံးစွဲဖို့၊ မျှဝေသုံးစွဲဖို့ ကျွန်တော့်ဆောင်းပါးထဲမှာ အကြံပြုထားပါသည်။ အိမ်တွေနဲ့ ရုံးတွေမှာတပ်ထားတဲ့ လေအေးပေးစက်တွေကို ဖြုတ်ပစ်ဖို့ အကြံပြုထားပါသည်။ ဒါကိုဖားတယ်လို့ တူမောင်ညို ဆိုဦးမှာလား။ ဟုတ်ပါတယ်။ အခြေခံလူတန်းစားတွေ မီးမှန်မှန်ရဖို့ ရေးလိုက်ခြင်းဖြစ်၍ အခြေခံလူတန်းစားတွေကို ကျွန်တော်ဖားလိုက်တာ ဖြစ်ပါသည်။ တူမောင်ညိုရဲ့ ဆောင်းပါးထဲမှာ လျှပ်စစ်မီးမှန်ဖို့ လေအေးပေးစက်တွေ ဖြုတ်သိမ်းရမယ်ဆိုတဲ့အချက်ကို ထည့်မဝေဖန်ထားပါ။ တူမောင်ညိုရဲ့ အိမ်နဲ့ရုံးမှာ လေအေးပေးစက်တပ်ထားလို့လား။ ကျွန်တော့်အိမ်မှာလည်း လေအေးပေးစက်တပ်ထားပါသည်။ အစိုးရကသာ လေအေးပေးစက်ဖြုတ်ဖို့ အမိန့်ထုတ်လျှင် ဖြုတ်ကြရအောင်။ လူနေအိမ်ရာ ရပ်ကွက်တွေ၊ ကျေးလက်မြို့ငယ်တွေ မီးလင်းဖို့အတွက် ကျွန်တော်တို့ အနစ်နာခံကြရအောင် မကောင်းဘူးလား တူမောင်ညို။

တူမောင်ညိုခင်ဗျား---ကျွန်တော်ဟာ လက်တွေ့သမားတစ်ယောက်ပါ။ ဒါကြောင့် လျှပ်စစ်ဓာတ်အားများများရအောင် မိုးများများရွာဖို့ လွန်ဆွဲဖို့အကြံပေးမှာ မဟုတ်ပါဘူး။ မိုးရာသီမှာသာ မီးမှန်ပြီး နွေရာသီမှာ မီးမမှန်တဲ့ အခြေအနေမျိုးမှာ နွေရာသီမှာ မီးမှန်ဖို့သိပ္ပံနည်းဖြင့် မိုးတုရွာဖို့ အကြံပြုပါတယ်။ ဒါက လောလောဆယ်အခြေအနေပါ။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင် စတဲ့မြစ် မကြီးတွေကို အဆင့်ဆင့်ပိတ်ပြီးရင်တော့ နွေရာသီမှာ မိုးတုရွာဖို့ မလိုတော့ပါဘူး။ ဒီမြစ်ကြီးတွေကို ပိတ်တာကိုလည်း ပြည်ပမီဒီယာတွေကပဲ ကဖျက်ယဖျက် လုပ်နေကြတယ် မဟုတ်လား။

'ငါးမင်းဆွေ' အနေနဲ့ ရေးလို့ရတိုင်း၊ ဖားလို့ရတိုင်း ရေးမနေပါနဲ့။

'ငါးတစ်ပိုင်း ဖားတစ်ပိုင်း မင်းဆွေ' ကနေ 'ဖားမင်းဆွေ' ဖြစ်လာနေပြီ။

တူမောင်ညိုခင်ဗျား---ကျွန်တော်ဟာရေးလို့ရတိုင်း၊ ဖားလို့ရတိုင်း ရေးနေတာ မဟုတ်ပါဘူး။ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် မိမိအတွေ့အကြုံနဲ့ ရင်ထဲရှိတာတွေကို ရေးနေတာပါ။ ဒီလိုရေးတဲ့အတွက် မကြိုက်သူအချို့လည်း ရှိပါတယ်။ ဒါကြောင့် ၁၃-၂-၂၀၀၇ ရက်နေ့ထုတ် သတင်းစာတွေထဲမှာ "စာရေးဆရာသည် လူမုန်းခံရ၊ အသတ်ခံရတတ်၏" ဆောင်းပါးကို ရေးခဲ့ပါသည်။

ဖားတစ်ပိုင်း၊ ငါးတစ်ပိုင်း မင်းဆွေကနေ ဖားမင်းဆွေဖြစ်လာနေပြီလို့ တူမောင်ညိုက ဆိုပါတယ်။ ဖားတယ်ဆိုတာ ကိုယ်ကျိုးစီးပွားတစ်ခုခုရဖို့ မျက်နှာလို မျက်နှာရလုပ်ပြီး ရေးကြပြောကြတာပါ။ ကျွန်တော်ဟာ ယခုလိုစာရေးခြင်းကြောင့် ဘာအကျိုးမျှမမျှော်ကိုးကြောင်း၊ ဘာအခွင့်အရေးမျှလည်း တောင်းမှာ ယူမှာ မဟုတ်ကြောင်းကို လျှပ်တစ်ပြက်ဂျာနယ်မှာ ရှင်းလင်းပြောခဲ့ပြီးပါပြီ။ ကျွန်တော်ဟာ ချမ်းသာချင်ပါတယ်။ အိမ်ကြီးအိမ်ကောင်း၊ ကားကြီးကားကောင်းနဲ့ နေချင်၊ စီးချင်ပါတယ်။ ဒီလိုဖြစ်လာအောင် ကိုယ့်ဘာသာကိုယ် ရုန်းကန်စီးပွားရှာပြီး လုပ်ကိုင်ပါမယ်။ တူမောင်ညိုပြောသလို ငါးမင်းဆွေဟာ ဖားမင်းဆွေဖြစ်သွားပြီလို့ပဲ ထားလိုက်ပါ။ အဲဒီဖားမင်းဆွေဟာ ဒီနေ့ဒီအချိန်မှာ ကိုယ်ပိုင်ကားလည်း မရှိပါဘူး၊ ဆိုင်ကယ်လေး တစ်စီးတောင်မရှိပါဘူး၊ လက်ကိုင်ဖုန်းလည်း မရှိပါဘူး။ ဖားမင်းဆွေ စက်ဘီးစီးနေပါတယ်။ လမ်းဘေးဖုန်းကို သုံးနေပါတယ်။

**(မေတ္တာရပ်ခံခြင်း။ ဤသတင်းစာပါ "ဖားမင်းဆွေ စက်ဘီးစီးနေသည်၊ လမ်းဘေးဖုန်းကို သုံးနေသည်" ဆောင်းပါးကို ဖတ်ရှုပြီး တူမောင်ညိုမှ ပြည်တွင်း ပြည်ပမီဒီယာများမှနေ၍ ပြန်လည်ဝေဖန်ရေးသားပေးပါရန် မေတ္တာရပ်ခံပါသည်။)**

တရုတ်နိုင်ငံ ကျိုကျန်းပြည်နယ်ရှိ ပြဇာတ်ရုံ၌ ယဉ်ကျေးမှု အနုပညာဆိုင်ရာ ဂီတဖျော်ဖြေပွဲတစ်ရပ် ကျင်းပနေသည်ကို ဧပြီ ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကာတာနိုင်ငံခြားရေးဝန်ကြီး ရှိတ်ဟာမတ် အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူ

ဒူဘိုင်း ဧပြီ ၆

**ကာတာနိုင်ငံခြားရေးဝန်ကြီး ရှိတ်ဟာမတ်ဘင်ဂျက်ဇင်ဘင်ဂျာဘားအယ်သာနီသည် အစိုးရအဖွဲ့အပြောင်းအလဲတွင် ဝန်ကြီးချုပ်သစ်အဖြစ် ဧပြီ ၃ ရက်က ကျမ်းသစ္စာကျိန်ဆို လက်ခံလိုက်သည်။**

ကာတာနိုင်ငံစော်ဘွား ရှိတ်ဟာမတ် ဘင်ခါလီဖာအယ်သာနီက ဝန်ကြီးချုပ် ရှိတ်အဗ္ဗဒူဘင်ခါလီဖာအယ်သာနီ၏ နုတ်ထွက်လွှာကို လက်ခံပြီးနောက် ကြေညာချက်ထုတ်ပြန်ကာ ကာတာအစိုးရအဖွဲ့ဝင် ဝန်ကြီးသစ်များအမည်ကို ဖော်ပြလိုက်သည်။

## ရာထူးလက်ခံ

ရှိတ်ဟာမတ် ဘင်ဂျက်ဇင်ဘင်ဂျာဘားအယ်သာနီ **(ယာပုံ)**အနေဖြင့် ဝန်ကြီးချုပ်အပြင် နိုင်ငံခြားရေးဝန်ကြီးတာဝန်ကိုပါ ပူးတွဲရယူသည့် အစိုးရအဖွဲ့သစ်သည် ဧပြီ ၃ ရက်က ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံလိုက်သည်။

## အပြောင်းအလဲမရှိ

ကာတာနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်တကွ ဘဏ္ဍာရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးတို့မှာ အပြောင်းအလဲမရှိဟု သိရသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# ဧဝရတ်တောင်တွင် အမှိုက်ရှင်းလင်းမည်

ခတ္တမန္ဒူ ဧပြီ ၆

**ဂျပန်နှင့်နီပေါ တောင်တက်သမားတစ်ဒါဇင်ခန့်သည် ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်သည့် ဧဝရတ်တောင်မှ အမှိုက်တစ်တန်ခန့်ကို ကောက်ယူရှင်းလင်းပေးသွားမည်ဖြစ်ကြောင်း အဆိုပါ တောင်တက်အဖွဲ့ ခေါင်းဆောင်က ဧပြီ ၄ ရက်တွင် ပြောကြားသည်။**

**ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉၀၃၅ ပေ မြင့်သည့် အဆိုပါ တောင်ထိပ်သို့ နှစ်စဉ်တောင်တက်အဖွဲ့ ၅၀ ကျော်တို့ တက်ရောက်ကြသည်ဟု ဆိုသည်။** အမ်အင်န်အေ၊ရိုက်တာ

# စင်ကာပူ ပို့ဆောင်ရေး ဝန်ဆောင်မှုကောင်း

**စင်ကာပူ ဧပြီ ၆**

စင်ကာပူနိုင်ငံ၏ ဘတ်စ်ကားနှင့်ရထားပို့ဆောင်ရေး ဝန်ဆောင်ပေးမှုများသည် နောက်ဆုံးပေါ် ကွန်ပျူတာစနစ်များကြောင့် ခရီးသည် ၁၀ဦးလျှင် ရှစ်ဦးက ကျေနပ်မှုရှိကြောင်း လေ့လာဆန်းစစ်ချက်တစ်ရပ်၌ ဖော်ပြသည်။

ခရီးသွား ၁၀၀၀ ကို လေ့လာဆန်းစစ်ကြည့်ရာတွင် ၉၄ ရာခိုင်နှုန်းက ရထားဖြင့်သွားရသည်ကို နှစ်သက်ကြောင်း၊ ၇၇ ရာခိုင်နှုန်းက ဘတ်စ်ကားဖြင့်သွားရသည်ကို နှစ်သက်ကြောင်း ပြောကြားကြသည်ဟုဆိုသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# မက္ကဆီကို၌ မှောင်ခိုသင်္ဘော ဖမ်းဆီး

မက္ကဆီကိုစီးတီး ဧပြီ ၆

**တရားမဝင်မှောင်ခိုရောင်းချရန်အတွက် သင်္ဘောဖြင့် တင်ဆောင်လာသော ပင်လယ်အစားအစာ ၆၉ တန်ကျော်ကို မက္ကဆီကို အာဏာပိုင်များက ဧပြီ ၄ ရက်က ဖမ်းဆီးလိုက်သည်။**

**ထိုပင်လယ်အစားအစာများတွင် ရေဘဝဲနှင့် ပုစွန်များအပါအဝင် အမျိုးအစား ခြောက်မျိုးပါဝင်ကြောင်း သိရသည်။** အမ်အင်န်အေ၊ဆင်ဟွာ

# ပါကစ္စတန်နိုင်ငံ၌ နှင်းခဲများပြိုကျ

**အစ္စလမ္မာဘတ် ဧပြီ ၆**

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့မြောက်ပိုင်း ကီလိုမီတာ ၂၈၀ခန့်အကွာရှိ တောင်ပေါ်မှဆီးနှင်းခဲများ ပြိုကျမှုကြောင့် ဧပြီ ၄ရက်က လူလေးဦးသေဆုံးခဲ့ရာ သီတင်းတစ်ပတ်အတွင်း ဆီးနှင်းခဲများ ပြိုကျမှုကြောင့် သေဆုံးသူ စုစုပေါင်း ၅၀ခန့်ရှိပြီဖြစ်ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

**အမ်အင်န်အေ၊ရိုက်တာ**

ရုရှားနိုင်ငံဘိုင်ကိုနော အာကာသယာဉ်လွှတ်တင်ရေးစခန်း၌ ရုရှားလုပ် ဆိုယုဇ် တီအမ်အေ-၁၀ အာကာသယာဉ်တွင် ပြင်ဆင်မှုများ ပြုလုပ်နေသည်ကို ဧပြီ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# လုံခြုံရေးနှင့် ကာကွယ်ရေး တရုတ်နှင့်အင်ဒို ပူးပေါင်းဆောင်ရွက်မည်

**ပေကျင်း ဧပြီ ၆**

တရုတ်နှင့် အင်ဒိုနီးရှားနှစ်နိုင်ငံတို့၏ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ဒုတိယအကြိမ် ဆွေးနွေးပွဲသို့ တက်ရောက်သော အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဆယာဖရီစယမ်ဆူဒင်နှင့် တရုတ်ကာကွယ်ရေးဝန်ကြီး ကာဂိုဂန်ချွမ်တို့ ပေကျင်းမြို့၌ ဧပြီ ၃ ရက်က တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားရရှိစေရေးအတွက် ကဏ္ဍအားလုံး၌ အပြန်အလှန်ဆက်ဆံရေး တိုးတက်ဖြစ်ထွန်းရန်အတွက် တရုတ်နိုင်ငံက အစဉ်သင့်ရှိနေကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီး ဂန်ချွမ်က ပြောကြားသည်။

## တွေ့မြင်

မကြာမီနှစ်များက နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာအချင်းချင်းဆက်ဆံရေး တိုးတက်ဖြစ်ထွန်းမှုရှိခဲ့သည်ကို တွေ့မြင်ခဲ့ရပြီးဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

## မျှော်လင့်

ထို့အပြင် နှစ်နိုင်ငံ တပ်ဖွဲ့များအကြား ဆက်ဆံရေးတိုးမြှင့်စေရန်နှင့် အမြင်ချင်းနက်ရှိုင်းစွာ အပြန်အလှန်ဆွေးနွေးနိုင်ရေးကို မျှော်လင့်ကြောင်းလည်း တရုတ်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

## ပူးပေါင်းဆောင်ရွက်

အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးကလည်း နှစ်နိုင်ငံတပ်ဖွဲ့အကြားနှင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့ကို အနာဂတ်ကာလ၌ တရုတ်နိုင်ငံနှင့် ဆက်လက်လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ဇူးရစ် တိရစ္ဆာန်ဥယျာဉ်

**ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့ တိရစ္ဆာန်ဥယျာဉ်တွင် နှစ်ရက်သားအရွယ် ကုလားအုတ်လေးအား ၎င်းမိခင်နှင့်အတူ ဧပြီ ၅ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဗီယက်နမ် သီဟိုဠ်စေ့တင်ပို့မှု မြင့်တက်

ဟန္နွိုင်း ဧပြီ ၆

**ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့တင်ပို့မှုသည် ယခုနှစ်ပထမလေးလတာ ကာလအတွင်း တန်ချိန် ၂၇၀၀၀ တင်ပို့ခဲ့ရာ ငွေကြေးပမာဏ အမေရိကန်ဒေါ်လာ ၁၀၇သန်းရှိခဲ့ကြောင်း၊ နှစ်ချင်းအလိုက် မြင့်တက်မှုမှာ ၆ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၁၀ ဒသမ ၆ရာခိုင်နှုန်းရှိခဲ့ကြောင်း ဗီယက်နမ် မီဒီယာများက ဖော်ပြသည်။**

## တိုးမြှင့်

ယခုနှစ် တစ်နှစ်လုံးအတွက် ဗီယက်နမ်နိုင်ငံအနေဖြင့် သီဟိုဠ်စေ့ ပြည်ပတင်ပို့မှုသည် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ခန့် ဝင်ငွေရရှိမည်ဟု ခန့်မှန်းထားရာ ၂၀၀၆ခုနှစ်ကထက် ၃၈ ဒသမ ၆ ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည်ဟု ဗီယက်နမ်သီဟိုဠ်စေ့ တင်ပို့ရေးအဖွဲ့က ပြောကြားသည်။

## ရရှိခဲ့

ဗီယက်နမ်၏သီဟိုဠ်စေ့များကို အဓိကအားဖြင့် တရုတ်၊ အမေရိကန်၊ နယ်သာလန်၊ ဩစတြေးလျ၊ ကနေဒါ၊ အင်္ဂလန်နှင့် ရုရှားနိုင်ငံများသို့ ပြီးခဲ့သည့်နှစ်က အများဆုံးတင်ပို့ခဲ့သည်။ ၎င်းနိုင်ငံများသို့ သီဟိုဠ်စေ့ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၀၅သန်း ရရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ၂၀၀၅ခုနှစ်က သီဟိုဠ်စိုက်ပျိုးမှု ဟက်တာ ၃၅၀၀၀၀ ရှိခဲ့ပြီး ၂၀၁၀ပြည့်နှစ်၌ ဟက်တာ ၄၅၀၀၀၀အထိ ရှိလာမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ထုတ်ကုန်အရောင်းပြပွဲ(၂၀၀၇)ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၆

**မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ထုတ်ကုန်အရောင်းပြပွဲ(၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။**

ရှေးဦးစွာ အရောင်းပြပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်နုနုရီက အရောင်းပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

### ဖွင့်လှစ်ပေး

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်တို့က အရောင်းပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### ရုပ်သိမ်း

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ အသင်း၏ (၁၂)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် မင်္ဂလာကိတ်ကို လှီး၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဧည့်သည်တော်များသည် အရောင်းပြပွဲ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများက ထုတ်လုပ်သည့် လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊အစားအစာများ၊စားသောက်ကုန်များ၊ လက်မှုပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆေးဝါးများ၊ သားရေထည်ပစ္စည်းများ၊ စက်မှုဇုန်မှ ထုတ်လုပ်သည့် မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ တူရိယာပစ္စည်းများနှင့် စာရေးကိရိယာများ ပြသရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

### ကျင်းပမည်

အဆိုပါအရောင်းပြပွဲ၌ ဆိုင်ခန်းပေါင်း ၁၄၁ ခန်း ဖွင့်လှစ်ပြသ ရောင်းချလျက်ရှိပြီး ပြပွဲကို ယနေ့မှ ဧပြီ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်း၏ ထုတ်ကုန်အရောင်းပြပွဲ (၂၀၀၇) ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဧည့်သည်တော်များ အရောင်းပြပွဲ၌ ကြည့်ရှုအားပေးကြစဉ်။**

(ဓာတ်ပုံ–အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

## မဟာသင်္ကြန်ရက်များအတွင်း စာဝေလုပ်ငန်း၊ ကြေးနန်းစာဝေလုပ်ငန်း အမြန်ချောပို့လုပ်ငန်းများ ပိတ်ရက်မရှိ ဖွင့်လှစ်ဆောင်ရွက်ပေးမည်

ရန်ကုန် ဧပြီ ၆

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၁၃၆၈ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း မဟာသင်္ကြန်အကြတ်နေ့ဖြစ်သည့် ၂၀၀၇ ခုနှစ် ဧပြီ ၁၅ ရက်(တနင်္ဂနွေနေ့)တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ စာဝေလုပ်ငန်းနှင့် ကြေးနန်းစာဝေလုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အမြန်ချောပို့လုပ်ငန်းကိုလည်း မဟာသင်္ကြန်ရက်များအတွင်း ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ဆောင်ရွက်ပေးမည် ဖြစ်သည်။

အဆိုပါရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် စာပို့လုလင်များ၊ ကြေးနန်းပို့လုလင်များကို ရေပက်ကစားခြင်း မပြုလုပ်ကြရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေပြည်တော် အထူးရထားပြေးဆွဲမည်

**ရန်ကုန် ဧပြီ ၆**

နေပြည်တော်၌ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ မဟာသင်္ကြန် ရုံးပိတ်ရက်အတွင်း ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရန်ကုန်–ပျဉ်းမနားလမ်းပိုင်းတွင် အထူးရထားများပြေးဆွဲပေးမည် ဖြစ်သည်။

ယင်းရထားများမှာဧပြီ ၉ရက်တွင် ပျဉ်းမနား–ရန်ကုန် အထူးရထား တစ်စင်း၊ ဧပြီ ၁၀ရက်တွင် ပျဉ်းမနား–ရန်ကုန်အထူးရထားတစ်စင်း၊ ရန်ကုန်–ပျဉ်းမနား အထူးရထားတစ်စင်း၊ ဧပြီ ၁၁ရက်တွင် ပျဉ်းမနား–ရန်ကုန် အထူးရထားတစ်စင်း၊ ရန်ကုန်–ပျဉ်းမနား အထူးရထား တစ်စင်း၊ဧပြီ ၁၂ရက်တွင် ပျဉ်းမနား–ရန်ကုန် အထူးရထား နှစ်စင်းနှင့် ဧပြီ၂၂ရက်တွင် ရန်ကုန်–ပျဉ်းမနား အထူးရထားသုံးစင်းတို့ဖြစ်သည်။

ဧပြီ ၉၊၁၀၊၁၁၊၁၂ရက်တို့တွင် ပျဉ်းမနားမှ ထွက်ခွာမည့် ပျဉ်းမနား–ရန်ကုန် အထူးရထားသည် ပျဉ်းမနားမှ နံနက် ၈ နာရီခွဲတွင်ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၅နာရီ၁၅မိနစ်တွင် ရောက်ရှိမည်ဖြစ်ပြီး ဧပြီ ၁၂ရက် (ပျဉ်းမနား ရန်ကုန် ဒုတိယအထူးရထားသည် ပျဉ်းမနားမှ နံနက် ၉နာရီခွဲ ထွက်၍ ရန်ကုန်သို့ညနေ ၆ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

ဧပြီ ၁၀၊၁၁ရက်များတွင် ရန်ကုန်–ပျဉ်းမနားအထူးရထားအား ရန်ကုန်မှ နံနက် ၈နာရီတွင်ထွက်၍ ပျဉ်းမနားသို့ ညနေ ၅နာရီ၁၀မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

### ပထမအထူးရထား

ဧပြီ၂၂ရက်တွင်ရန်ကုန်မှပျဉ်းမနားသို့ အထူးရထားသုံးစင်း ပြေးဆွဲပေးမည်ဖြစ်ရာ ပထမအထူးရထားသည် ရန်ကုန်မှ နံနက်၈နာရီထွက်၍ ပျဉ်းမနားသို့ ညနေ၅ နာရီ၁၀မိနစ်တွင်လည်းကောင်း၊ ဒုတိယအထူးရထားသည် ရန်ကုန်မှ နံနက် ၉နာရီတွင် ထွက်ခွာ၍ ပျဉ်းမနားသို့ ညနေ၅နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ တတိယအထူးရထားသည် ရန်ကုန်မှ နံနက်၁၀ နာရီ ထွက်ခွာ၍ ပျဉ်းမနားသို့ ညနေ၆ နာရီ ၄၅မိနစ်တွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

### လက်မှတ်ခနှုန်းထား

လမ်းခရီးတွင် ပဲခူး၊ တောင်ငူဘူတာများ၌ ရပ်တန့်ပေးပြီး ရထားလက်မှတ်ခ နှုန်းထားများမှာ အမှတ်(၃၁)အဆန်၊ (၃၂)အစုန်၊ (၇)အဆန်၊ (၈)အစုန်ရထား နှုန်းထားများအတိုင်း အထက်တန်း (အိပ်စင်)ငွေကျပ် ၂၄၈၀၊ အထက်တန်း(ထိုင်ခုံ) ငွေကျပ်(၁၈၀၀)၊ ပထမတန်းငွေကျပ် ၁၁၃၀၊ ရိုးရိုးတန်းငွေကျပ် ၉၀၀တို့ဖြစ်သည်။

အဆိုပါ နေ့များ၌ လက်ရှိပြေးဆွဲနေသည့် အမှတ်(၃၁)အဆန်၊ (၃၂)အစုန်နှင့် အမှတ်(၇)အဆန်၊ (၈)အစုန် ရန်ကုန်–ပျဉ်းမနားအမြန်ရထားများလည်း ပုံမှန်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

## အင်တာနက်ဖောင်ပိတ်သတင်း

## ကမ္ဘာ့ ပဉ္စမမြောက်ခရီးသွားဧည့်သည်

မော်စကို ဧပြီ ၆

**အသက် ၅၈နှစ်ရှိ ဆော့ဖ်ဝဲလ်အင်ဂျင်နီယာတစ်ဦးသည် ဧပြီ ၇ရက်(ယနေ့)တွင် ရုရှားဆိုယုဇ် အာကာသယာဉ်ဖြင့် ထွက်မည်ဖြစ်၍ ကမ္ဘာ့ပဉ္စမမြောက်အာကာသခရီးသွားဧည့်သည် ဖြစ်လာမည်ဖြစ်ကြောင်း ဧပြီ ၆ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။**

လိုက်ပါ

**မိုက်ခရိုဆော့ဖ်တိုးတက်ရေးကို ဦးဆောင်ဦးရွက်ပြုခဲ့သည့် သန်းကြွယ်သူဌေး ဒေါက်တာချာလီစီမွန်ရီသည် ဧပြီ၇ရက်တွင် ကာဇက်စတန် အာကာသစခန်းမှ ဂရင်းနစ်စံတော်ချိန် ၁၇နာရီ၃၁မိနစ်တွင် ဆိုယုဇ်အာကာသယာဉ်ဖြင့် လိုက်ပါမည်ဖြစ်သည်။ ၎င်းသည်အဆိုပါ အာကာသခရီးစဉ်အတွက် ဒေါ်လာသန်း ၂၀ပေး ပြီး နိုင်ငံတကာ အာကာသစခန်းသို့ သွားရောက်ခြင်းဖြစ်ကြောင်း သိရသည်။**

သွားရောက်ခဲ့

**မစ္စတာစီမွန်ရီနှင့်အတူ အာကာ သယာဉ်မှူးနှစ်ဦးလည်းလိုက်ပါမည်ဖြစ်ကြောင်း၊ ၎င်းသည် လွန်ခဲ့သော ခြောက်လက ယူရီဂါဂါရင် အာကာသစခန်း၌ လေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။**

**၎င်းသည် နိုင်ငံတကာ အာကာသစခန်း၌ ၁၀ရက်ကြာနေပြီး ဧပြီ ၂၀ ရက်တွင် ကမ္ဘာမြေသို့ ပြန်လာမည်ဖြစ်သည်။**

**အဆိုပါ အာကာသခရီးစဉ်ကို ယခင်က အမေရိကန်မှ ဒင်းနစ်တီတိုး၊ တောင်အာဖရိကမှ မတ်ရှပ်တယ်ဝပ်၊ အမေရိကန်မှ ဂရက်အော်လ်ဆင်၊ အီရန်ဖွား အမေရိကန် အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်နှင့် အနာဆရီတို့ သွားရောက်ခဲ့ကြသည်။**

(အင်တာနက်)

**ဧပြီ ၅ရက်က ရန်ကုန်တိုင်း စာရင်းရုံးမှ ဝန်ထမ်း ၄၀တို့ အမျိုးသားသွေးဌာနတွင် ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းကြရာ ညွှန်ကြားရေးမှူး ဦးသိန်းနှင့် တာဝန်ရှိသူများက လာရောက်အားပေးကူညီကြစဉ်။**

**(သတင်းဖော်ပြပြီး)** (မြန်မာ့အလင်း)

## ဓမ္မရောင်ခြည်စာသင်တိုက် သင်္ကြန်တွင်းဓမ္မသဘင်

**ရန်ကုန် ဧပြီ ၆**

ဒဂုံမြို့သစ် (မြောက်ပိုင်း) ၄၂ ရပ်ကွက် သခင် အုန်းဖေကြီးလမ်း တိပိဋကဓရ (ယော)ဆရာတော်၏ မဟာဝိသုဒ္ဓါရုံ တိုက်ခွဲဖြစ်သော ထေရဝါဒ ဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက်တွင် ပဉ္စမအကြိမ်မြောက် သင်္ကြန်အထူးတရားပွဲများကို ကျင်းပမည်ဖြစ်သည်။ ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့)တွင် မဟာဓမ္မကထိက၊ သီတဂူကြာတပွင့် ဆရာတော် ဘဒ္ဒန္တခေမာသီရိ လင်္ကာရ၊ ဧပြီ ၁၄ရက် (သင်္ကြန်အကျနေ့)တွင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တအင်္ဂိသ၊ ဧပြီ၁၅ရက် (အကြိုက်အကြတ်နေ့)တွင် သာသနတက္ကသိလ ဓမ္မာစရိယ၊ ဗဟုဇနဟိတဓရ၊ မဇ္ဈိမ ဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒ၊ ဧပြီ ၁၆ရက် (သင်္ကြန်အတက်နေ့)တွင် တိပိဋကဓရ တိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မဘဏ္ဍာဂါရိက(ယော) ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ ဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရဘိဝံသ ဆရာတော်တို့က ညစဉ် ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ တရားနာယူနိုင်ကြောင်း သိရသည်။

(က–ဗ)

## မီးလောင်မှုသတင်း

**ရန်ကုန် ဧပြီ ၆**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ၌ ဧပြီ၄ရက်က မီးလောင်မှုဖြစ်ပွားရာအိမ်သုံးလုံးမီးလောင်ဆုံးရှုံးခဲ့သည်။

### တပ်ကုန်း

မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ဇရပ်ကြီးကုန်းကျေးရွာအုပ်စု နွယ်ရစ်ကျေးရွာ၌ ဧပြီ ၅ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်သုံးလုံးမီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စုသုံးစု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သံတောင်မြို့နယ်၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၆

အကြမ်းဖက် သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏ လုံခြုံမှုများ ထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

### ကူညီပံ့ပိုး

ကရင်ပြည်နယ် သံတောင်မြို့နယ် သပြေညွန့်ကျေးရွာနေ မောင်ကျော်စွာသည် ဧပြီ ၂ ရက် နံနက် ၉ နာရီခန့်တွင် ရွာအရှေ့ဘက်တောင်ပေါ်သို့ ဝါးခုတ်သွားစဉ် သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်း မိပေါက်ကွဲ၍ ညာခြေသလုံးရိုးကြေမွ ဒဏ်ရာရရှိခဲ့သဖြင့် တောင်ငူဆေးရုံသို့ တင်ပို့ပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ကမ္ဘောဇသာသနာ့ဗိမာန် ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့က ဦးဆောင်၍ ရန်ကုန်ရောက် ရှမ်းပြည်နယ်သူ၊ ပြည်နယ်သားများ စုပေါင်းပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်းခြင်းခံရသော ရှမ်းပြည်နယ်မှ သံဃာတော် ၁၉ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲကို မတ်၃ရက်က ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ကမ္ဘောဇသာသနာ့ဗိမာန်တွင်ကျင်းပရာ ဆရာတော်ကြီးများအား ပြည်နယ်သူ၊ ပြည်နယ်သားများက ဒါတဗ္ဗဝတ္ထုများ ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

# ဇမ္ဗူအေး သာသနာ့ရိပ်သာ ဝိပဿနာ တရားစခန်း

**ရန်ကုန် ဧပြီ ၆**

မကွေးမြို့ မြသလွန်အနီး ဇမ္ဗူအေး သာသနာ့ရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲ ဝိပဿနာ၁၀ရက် စခန်းပွဲ ၁၃၆၈ ခု နှောင်းတန်ခူးလပြည့်ကျော် ၁၂ရက်မှ ၁၃၆၉ခု ကဆုန်လဆန်း၈ရက်အထိ ဆင်တောင်ဆရာတော်ကိုယ်တိုင် ဖွင့်လှစ်ပြသမည် ဖြစ်သည်။ တရားအားထုတ်မည့် ယောဂီများသည် ၁၃၆၈ ခု တန်ခူးလပြည့်ကျော် ၁၁ရက် ညနေ အရောက်လာရောက်ကြရန်နှင့် ယောဂီစာရင်းနှင့် ကုသိုလ်ရှင်စာရင်းကို ဖုန်း-၀၆၃-၂၃၄၄၃ ဇမ္ဗူအေးရိပ်သာ မကွေးမြို့သို့ ကြိုတင်ပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# လျှပ်စစ်ဓာတ်အား ပြည့်ဝစွာဖြန့်ဖြူးပေး ဝင်ငွေတိုးတက်အောင် ကြီးကြပ်ကွပ်ကဲ စွမ်းအားမြင့်မားရေး ဘက်ပေါင်းစုံမှကြိုးစား

ရန်ကုန် ဧပြီ ၆

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂ ရက်တွင် ရန်ကုန်မြို့ အောက်ကြည့်မြင်တိုင်လမ်းမရှိ အလုံဓာတ်အားပေးစက်ရုံသို့ရောက်ရှိရာ ရှင်းလင်းခန်းမ၌ ဓာတ်ငွေ့ပေးစက်ရုံများဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးညွန့်အောင်က မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရန်ကုန်ဓာတ်အားပေးစက်ရုံလေးရုံသို့ ကုန်းတွင်းနှင့် ကမ်းလွန် သဘာဝဓာတ်ငွေ့များ ရရှိမှုအခြေအနေနှင့် အလုံစက်ရုံအနေဖြင့် လက်ရှိဓာတ်အားထုတ်လုပ်နိုင်မှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။**

ဆက်လက်၍ အမှတ်(၃)ရေနွေးငွေ့ ဘွိုင်လာ၏ Tube Block ခြောက်ခု အသစ်လဲလှယ်ပြီးစီးမှု အခြေအနေ၊ Tube Block များကို Chemical Cleaning ပြုလုပ် ပြီးစီးမှု အခြေအနေနှင့် ဓာတ်အားမထုတ်လုပ်မီ ဘွိုင်လာမှ ရေနွေးငွေ့စမ်းသပ်ထုတ်လုပ်နေမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

## ဖြည့်စွက်ရှင်းလင်း

ထို့နောက် အင်ဂျင်နီယာချုပ် ဦးထွန်းအေးက ဘွိုင်လာကို Tube Blockများ အကြီးစားပြင်ဆင် တပ်ဆင်ပြီးစီးမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးမည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

## စွမ်းရည်မြှင့်ကြိုးစား

ယင်းနောက် ဝန်ကြီးက ခရိုင်မှူးများ၊ စက်ရုံမှူးများနှင့် တာဝန်ရှိသူများအားလုံးကလည်း လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဝင်ငွေ တိုးတက်ရရှိအောင် ကြီးကြပ်ကွပ်ကဲ လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း၊ လျှပ်စစ်စွမ်းအား မြင့်မားတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ စွမ်းရည်မြှင့်ပြီး ကြိုးစားအားထုတ်

**အမှတ်(၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် အလုံဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အလုံစက်ရုံအတွင်း အမှတ်(၃)ဘွိုင်လာ Tube Block အသစ်များ လဲလှယ်ပြီး ဓာတ်အားမထုတ်လုပ်မီ ရေနွေးငွေ့စမ်းသပ် ထုတ်လုပ်နေမှုများနှင့် စက်လည်ပတ် မောင်းနှင်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ စက်ရုံမှူး ဦးသိန်းလှိုင်က လိုက်လံရှင်းလင်း ပြသကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဝန်ကြီးဒေါက်တာကျော်မြင့် စင်ကာပူ၌ကျင်းပသည့် ကျန်းမာရေးဆိုင်ရာ ဆွေးနွေးပွဲများတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် ဧပြီ ၆**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်သည် စင်ကာပူသမ္မတနိုင်ငံ၌ ဧပြီ၂ရက်မှ ၃ရက်အထိ ကျင်းပခဲ့သည့် နိုင်ငံတကာ ကျန်းမာရေးလုံခြုံမှုအတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ၂၁ရာစုအတွင်း မမျှော်လင့်ဘဲ ဖြစ်ပွားလာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ဧပြီ ၅ရက် နံနက်ပိုင်းက နေပြည်တော်လေဆိပ်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

## ကြိုဆို

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ကြိုဆိုကြသည်။

## တက်ရောက်

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဧပြီ ၂ရက်တွင် စင်ကာပူသမ္မတနိုင်ငံ ဆန်းတက် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း စင်ကာပူ (Suntec Convention Centre) Ball Room (၂) ခန်းမ၌ ကျင်းပသည့် နိုင်ငံတကာကျန်းမာရေးလုံခြုံမှု ဆွေးနွေးပွဲသို့ တက်ရောက်သည်။

## ဆောင်ရွက်မည်

ဆွေးနွေးပွဲ ဖွင့်ပွဲတွင် စင်ကာပူသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Mr.Khaw Boon Wanက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး စင်ကာပူသမ္မတနိုင်ငံ၌ ကျန်းမာရေးအဆင့်မြှင့်တင်ရေးနှင့်ရောဂါကာကွယ်နှိမ်နင်းရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ပူးပေါင်း၍ Collaborating Centre ဖွင့်လှစ်ခဲ့ကြောင်း၊ အနောက်ပစိဖိတ်ဒေသတွင်းမှသာမက အရှေ့တောင်အာရှ ဒေသအတွင်းရှိ နိုင်ငံများနှင့်လည်း ပူးပေါင်းဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Collaborating Centre အနေဖြင့် လူထုအတွင်း ကျန်းမာသောအပြုအမူ၊ အနေအထိုင်စနစ်များ ပြန့်ပွားစေရန်နှင့် ရောဂါများကာကွယ်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းပြောကြားသည်။

## ကျေးဇူးတင်

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနောက်ပစိဖိတ်ဒေသမှ ညွှန်ကြားရေးမှူး Dr. Linda Milan က အထက်ပါ Collaborating Centre အနေဖြင့် သင်တန်းများ ပို့ချခြင်း၊ နိုင်ငံတကာ၏ ကျန်းမာရေး လုံခြုံမှုကို ခြိမ်းခြောက်နေသော ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကို နိုင်ငံတကာ ပူးပေါင်းပါဝင်သော ကွန်ရက်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး "အနာဂတ်ကာလတွင် ပိုမိုကျန်းမာသောစနစ် ပြုစုပျိုးထောင်ရေး" ဗီဒီယိုဓာတ်လမ်း ပြသခဲ့ပြီး ကျန်းမာရေးအဆင့်မြှင့်တင်ရေး ဘုတ်အဖွဲ့ ဥက္ကဋ္ဌ Mr. Wong Yew Mengက ကျေးဇူးတင်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ဆွေးနွေး

ထို့နောက် ဆန်းတက် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းခန်းမ(၂၁၀)၌ကျင်းပသည့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ ဆွေးနွေးပွဲသို့ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Lee Hsien Loong၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chan နှင့် မြန်မာ၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ဘရူနိုင်း၊ အင်ဒိုနီးရှားနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ တက်ရောက်ဆွေးနွေးကြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဆန်းတက် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းခန်းမ Ball Room(၃)၌ ကျင်းပသည့် "နိုင်ငံတကာ ကျန်းမာရေးလုံခြုံမှု ဆွေးနွေးပွဲ"သို့ တက်ရောက်ရာ ဆွေးနွေးပွဲတွင် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်က တက်ရောက်အမှာစကားပြောကြားရာတွင် ကြက်ငှက်တုပ်ကွေးကဲ့သို့သော ကူးစက်ရောဂါများနှင့် ပတ်သက်၍ သတင်းအချိန်မီထုတ်ပြန်ကြရန် အရေးကြီးမှု၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ ဆေးကုမ္ပဏီများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် အရေးကြီးမှုနှင့် နိုင်ငံတကာ ကျန်းမာရေးလုံခြုံမှုကို ခြိမ်းခြောက်နေသော အခြားသောကိစ္စရပ်များကို ဆွေးနွေးပြောကြားသွားသည်။

## ပါဝင်ဆွေးနွေး

ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ National University of Singapore မှ ဒုတိယဥက္ကဋ္ဌ Professor Tan Chorh Chuan ဦးဆောင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chan Cathay Pacific လေကြောင်းလိုင်း Chief Executive Mr. Philip NL Chen ၊ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန Senior Minister of state Dr. Balaji Sadasi ၊ နော်ဝေး နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး H.E. Jonas Gahr Store တို့က ကမ္ဘာ့ကြက်ငှက်တုပ်ကွေးရောဂါ အပါအဝင် နိုင်ငံတကာ ကျန်းမာရေးလုံခြုံမှုကို ခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ လည်းကောင်း၊ ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ စီးပွားရေး၊ လူမှုရေးထိခိုက်မှုများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးကြပြီး အစည်းအဝေးတက်ရောက်လာကြသည့် နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများက ပါဝင်ဆွေးနွေး ကြသည်။

## ပူးပေါင်းဆောင်ရွက်

ထိုသို့ဆွေးနွေးရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ တွေ့ကြုံနေရသည့် ကျန်းမာရေးပြဿနာများ ဖြစ်သည့် နယ်စပ်ဒေသမှတစ်ဆင့် ဆေးဝါးအတုများ၊ စံနှုန်းမမီဆေးဝါးများ တင်သွင်းသည့်ပြဿနာ၊ နိုင်ငံတကာမှ တင်သွင်းရောင်းချသော အစားအသောက်များတွင် စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာများ ပါဝင်မှုနှင့် အခြား ဘေးဖြစ်စေတတ်သော ပစ္စည်းများ ပါဝင်မှုကြောင့် နောက်ဆက်တွဲ ဖြစ်လာနိုင်သည့် ကျန်းမာရေးပြဿနာများကို နိုင်ငံတကာမှ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးတင်ပြသည်။ **(ဝဲပုံ)**

ဆက်လက်၍ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၃ ရက်တွင် စင်ကာပူသမ္မတနိုင်ငံ National University of Singapore ၌ ကျင်းပသည့် (၂၁)ရာစုအတွင်း ဖြစ်ပွားလာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chan နှင့် ကိုယ်စားလှယ်များ၊ မြန်မာ၊ ဗီယက်နမ်၊ လာအိုနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် အခြား ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

## နည်းလမ်းတင်ပြ

ဆွေးနွေးပွဲတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chan က (၂၁)ရာစုအတွင်း စီးပွားရေး ပြောင်းလဲတိုးတက်လာမှုနှင့်အတူ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများ၊ နိုင်ငံတကာ အကြမ်းဖက်မှုများနှင့် ဆက်နွှယ်လာနိုင်သည့် ကျန်းမာရေး ပြဿနာများ၊ တစ်ကမ္ဘာလုံး ကပ်ရောဂါအသွင်ဖြင့် ဖြစ်ပွားလာနိုင်သည့် ကြက်ငှက်တုပ်ကွေးရောဂါ ပြဿနာများ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါများ အကြောင်းကိုတင်ပြဆွေးနွေး၍ အစည်းအဝေး တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက မိမိတို့နိုင်ငံအလိုက် ကျန်းမာရေးပြဿနာ ဖြေရှင်းနိုင်သည့် နည်းလမ်းများကို ပြန်လည်တင်ပြ ဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ကမ္ဘာတစ်လွှား အားကစား

## အနီကတ်ရခဲ့သည့် ပေါလ်စခိုးလ် တစ်ပွဲသာ အပိတ်ခံရမည်ဟုဆို

လန်ဒန် ဧပြီ ၆

**မန်ချက်စတာယူနိုက်တက် ကွင်းလယ်ကစားသမား ပေါလ်စခိုးလ်သည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲအဖြစ် ရိုးမားအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။**

ပေါလ်စခိုးလ်သည် ယင်းအနီကတ်ကြောင့် သုံးပွဲအပိတ်ခံရမည်ဖြစ်သော်လည်း ယူအီးအက်ဖ်အေက သုံးပွဲပိတ်ရန် ထိုက်တန်မှုမရှိသဖြင့် တစ်ပွဲသာပိတ်ရန် ဆုံးဖြတ်ချက်ချခဲ့သည်ဟုဆိုသည်။

### ဆုံးဖြတ်

သို့သော်လည်း ၎င်းသည် ဧပြီ ၁၀ ရက်တွင် ရိုးမားအသင်းနှင့် ကစားမည့် ဒုတိယအကျော့ပွဲစဉ်၌ ပါဝင်ကစားခွင့်ရလိမ့်မည် မဟုတ်ကြောင်း ယူအီးအက်ဖ်အေက ဆုံးဖြတ်ထားသည်။

အကယ်၍ မန်ယူတို့ ဒုတိယအကျော့တွင် အိမ်ကွင်း၌ ရိုးမားကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့လျှင် နှစ်ပွဲပေါင်းရလဒ် နှစ်ဂိုး–နှစ်ဂိုးစီ သရေကျမည်ဆိုသော်လည်း မန်ယူတို့ အဝေးတစ်ဂိုး ရထားသဖြင့် အကြိုဗိုလ်လုပွဲတက်ရန် အလားအလာရှိသည်။

### မျှော်လင့်

မည်သို့ပင်ဖြစ်စေကာမူ မန်ယူတို့ ဧပြီ ၁၀ ရက်တွင် ကစားမည့် ဒုတိယအကျော့၌ ရိုးမားအသင်းကို ရှုံးကြွေးဆပ်ပြီး အကြိုဗိုလ်လုပွဲ တက်လိမ့်မည်ဟု မျှော်လင့်ရသည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တွင် ဂျာမနိဒိုင်လူကြီး ဟာဘတ်ဖန်ဒယ်က ပေါလ်စခိုးလ်အား ဤသို့အနီကတ်ပြ၍ ထုတ်ပယ်ခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

### အဝါကတ်

ထိုနည်းဖြင့် မန်ယူတို့နိုင်ခဲ့ပြီး အကြိုဗိုလ်လုပွဲသို့ တက်လာသည်ရှိသော် တစ်ပွဲအပိတ်ခံရသော ပေါလ်စခိုးလ် ပြန်ကစားခွင့် ရလိမ့်မည်ဖြစ်သည်။ သို့သော်လည်း ပေါလ်စခိုးလ်သည် ထိုပွဲစဉ်၌ ပါဝင်ကစားချိန်တွင် ယူအီးအက်ဖ်အေ၏ ဆုံးဖြတ်ချက်မှုအရ အဝါကတ်တစ်ကတ် ရရှိထားမည်ဖြစ်သည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ
မြင့်မောင်စိုး

## ပရီမီယာလိဂ်ဂိုး ခန့်မှန်းချက်

**လန်ဒန် ဧပြီ ၆**

ပရီမီယာလိဂ်ပွဲစဉ် (၃၂) ဘောလုံးပြိုင်ပွဲများကို ဧပြီ ၇ရက် (ယနေ့) ညပိုင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ပရီမီယာလိဂ် ဘောလုံးကျွမ်းကျင်သူ လော်ရီ၏ ဂိုးခန့်မှန်းချက်များကို ဖော်ပြလိုက်ပါသည်။

| | | |
|---|---|---|
| ချယ်လ်ဆီး | ၂ – ၀ | တော့တင်ဟမ် |
| အာဆင်နယ် | ၂ – ၀ | ဝက်စ်ဟမ်း |
| ဘလက်ဘန်း | ၁ – ၂ | အက်စ်တွန်ဗီလာ |
| မစ်ဒယ်ဘရော့ | ၂ – ၀ | ဝက်ဖို့ဒ် |
| ရက်ဒင်း | ၀ – ၂ | လီဗာပူး |
| ရှက်ဖီး | ၁ – ၀ | နယူးကာဆယ် |
| ဝီဂန် | ၁ – ၀ | ဘောလ်တန်။ |

**(အင်တာနက်)**

## ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ် ပထမအကျော့ ဆီဗီလာက စပါးအသင်းကို အနိုင်ရရှိ

**လန်ဒန် ဧပြီ ၆**

ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ဧပြီ ၅ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဆီဗီလာနှင့် တော့တင်ဟမ်ဟော့စပါးတို့ပွဲတွင် ဆီဗီလာက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆီဗီလာတို့ အိမ်ကွင်း၌ကစားရသော်လည်း ဧည့်သည်စပါးတို့၏ အဖွင့်ဂိုးစောစီးစွာသွင်းယူခြင်းကိုခံခဲ့ရသည်။ စပါးတို့က အဝေးကွင်း ဖြစ်သော်လည်း ဆီဗီလာနောက်တန်းကို အကြိမ်ကြိမ်ကျော်ဖြတ်ပြီး အပိုင်ကန်သွင်းခွင့်များ ရရှိခဲ့သော်လည်း စပါးတိုက်စစ်မှူးဘာဘာတော့ဗ်နှင့် ရော်ဘီကိန်းတို့ ကန်ချက်လွဲနေမှုကြောင့် တစ်ဂိုးသာရရှိခဲ့ခြင်း ဖြစ်သည်။

စပါးအတွက် အဖွင့်ဂိုးကို ပွဲချိန်နှစ်မိနစ်၌ ရော်ဘီကိန်းကသွင်းယူပေးခဲ့ပြီး ဆီဗီလာအတွက် ချေပဂိုးနှင့် အနိုင်ဂိုးများကို ၁၉ မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ကနူတေးကတစ်ဂိုး၊ ၃၆ မိနစ်၌ ကာဇာကော့ဗ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ဆီဗီလာတို့ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| ဘေယာလေဗာကူဆင် | ၀ – ၃ | အိုဆာဆူနာ |
| အယ်လ်ကမာ | ၀ – ၀ | ဝါဒါဘရီမင် |
| အက်စ်ပန်းညို | ၃ – ၂ | ဘင်ဖီကာ။ |

(အင်တာနက်)

## ဘာစီလိုနာမှ ကွင်းလယ်ဖန်တီးရှင် ဒေကို

မက်ဒရစ် ဧပြီ ၆

**ပေါ်တူဂီနှင့်ဘာစီလိုနာ ကွင်းလယ်ကစားသမား ဒေကိုသည် အရေအတွက်နည်းပါးသော ကမ္ဘာ့အဆင့်မီ ကွင်းလယ်ကစားသမားများအနက် အရည်အချင်းပြည့်ဝသော ကစားသမားတစ်ဦး ဖြစ်သည်။**

၁၉၇၇ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် မွေးဖွားခဲ့သော ဒေကိုသည် အသက် (၃၀)ပြည့်တော့မည့် ဘောလုံးသမားတစ်ဦးဖြစ်သော်လည်း သူ၏ကွင်းလယ်ဖန်တီးမှုများက အသင်းအတွက် အရေးပါ ထိရောက်နေဆဲပင်ဖြစ်သည်။



ကွင်းလယ်
ဖန်တီးရှင်
ဒေကို

**ဘာစီလိုနာ အသင်း ကွင်းလယ် ဖန်တီးရှင် ဒေကို။** (ဓာတ်ပုံ–အင်တာနက်)

ဒေကိုသည် အသက်(၁၈)နှစ်အရွယ်မှစတင်ကာ ပေါ်တူဂီဘောလုံးအသင်း၌ ပါဝင်ကစားခဲ့ပြီး တည်တည်ငြိမ်ငြိမ် နှင့် ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်သည်။ ဒေကို၏ထူးခြားမှုမှာ ဘောလုံး အခင်းအကျင်းကောင်းမှုဖြစ်ပြီး တိုက်စစ်ကို ကွင်းလယ်မှ ဟန့်တားဖြတ်တောက်ရာတွင်လည်း ထူးချွန်သူ ဖြစ်သည်။

### အသိအမှတ်ပြု

၂၀၀၁–၂၀၀၂ ဘောလုံးရာသီတွင် ပေါ်တူဂီကလပ် ပေါ်တိုအသင်းတွင် ကစားခဲ့စဉ်က ပေါ်တိုအတွက် ယူအီးအက်ဖ်အေဘောလုံးပွဲ ၁၀ ပွဲ ကစားပေးခဲ့ပြီး ခြောက်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ကွင်းလယ်တွင် တိုက်စစ်ကို ပံ့ပိုးပေးနိုင်သလို ကိုယ်တိုင်လည်း ဂိုးသွင်းနိုင်သူတစ်ဦးအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။

ထို့အတူ ၂၀၀၂–၂၀၀၃ ဘောလုံးရာသီတွင်လည်း ပေါ်တိုအသင်းအတွက် ယူအီးအက်ဖ်အေဖလား ပွဲစဉ်များ ပါဝင်ကစားပေးခဲ့ရာ ငါးဂိုး သွင်းယူနိုင်ခဲ့သည်။ ဒေကို၏ ဘောလုံးကစားပုံကို သဘောကျခဲ့သော ဘာစီလိုနာအသင်းက ခေါ်ယူခဲ့သော်လည်း ငြင်းပယ်ခဲ့သည်။

### သွင်းယူ

ဒေကိုသည် ၂၀၀၃–၂၀၀၄ ဘောလုံးရာသီတွင် ပေါ်တိုအသင်းတွင် ဆက်လက်ကစားခဲ့ပြီး ပေါ်တိုအတွက် ချန်ပီယံလိဂ်ပွဲစဉ် ၁၂ ပွဲကစားခဲ့သလို ပေါ်တူဂီအသင်းတွင်လည်း နိုင်ငံတကာချစ်ကြည်ရေးပွဲများ ကစားပေးခဲ့ပြီး ဂိုးများလည်း သွင်းယူ နိုင်ခဲ့သည်။ ဒေကို၏ဘောလုံးဖြန့်ဝေမှုနှင့် တိုက်စစ်တွင် လိုက်ပါဂိုးသွင်းကောင်းနေမှုတို့ကြောင့် ၂၀၀၄–၂၀၀၅ ဘောလုံးရာသီ၌ ဘာစီလိုနာအသင်းက ရအောင်ခေါ်ယူခဲ့သည်။

### ပွဲတိုင်းကစား

စပိန်ကလပ်ဘာစီလိုနာသို့ ရောက်ရှိလာသော ဒေကိုသည် စတင်ရောက်ရှိသည့်နှစ်မှာပင် ဘာစီလိုနာအတွက် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ခုနစ်ပွဲ ကစားပေးခဲ့ပြီး နှစ်ဂိုးသွင်းယူပေးခဲ့သလို စပိန်လာလီဂါ၌လည်း ဘာစီလိုနာအတွက် ၃၅ ပွဲ ကစား ခုနစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဒေကို ဘာစီလိုနာသို့ ရောက်ရှိသည့် နှစ်မှာပင် ဘာစီလိုနာတို့ လာလီဂါ၌ ချန်ပီယံဖလားရရှိခဲ့လေသည်။ ဒေကိုလည်း ဘာစီလိုနာတွင် ပထမကစားသမားအဖြစ် ပွဲတိုင်းကစားခဲ့ရသည်။

### ကူညီပေး

ဘာစီလိုနာအသင်း၏ ကွင်းလယ်ကစားအားကို အဓိကထိန်းသိမ်းပေးနေသော ဒေကိုသည် ဘာစီလိုနာတိုက်စစ်မှူးများဖြစ်သည့်ရော်နယ်ဒင်ဟို၊ ဂတ်ဂျွန်ဆင်၊ ဂူလီနှင့် အီတူးတို့ ဂိုးသွင်းယူနိုင်ရေးကို အထိရောက်ဆုံးကူညီပေးခဲ့ရာ ဘာစီလိုနာအတွက် အရေးပါသော ကစားသမားလည်း ဖြစ်လာသည်။

### ထပ်ဆင့်ချန်ပီယံ

ထို့ကြောင့် ၂၀၀၅–၂၀၀၆ ရာသီတွင် ဘာစီလိုနာအတွက် ချန်ပီယံလိဂ်ပွဲစဉ်များ၌ ၁၁ ပွဲ ကစားပေးခဲ့ပြီး ကိုယ်တိုင်လည်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထိုနှစ်က ဘာစီလိုနာအသင်း ချန်ပီယံလိဂ်ဖလားရရှိအောင် ဒေကိုတို့ အုပ်စုစွမ်းဆောင်ပေးနိုင်ခဲ့သလို စပိန်လာလီဂါတွင်လည်း ဘာစီလိုနာတို့ ထပ်ဆင့်ချန်ပီယံဖြစ်ခဲ့သည်။

### ကြိုးစား

ထိုသို့ ဘာစီလိုနာကို ချန်ပီယံဆုများ ဆွတ်ခူးရရှိအောင် ကြိုးစားပေးနိုင်ခဲ့ရာတွင် အဓိကဖန်တီးရှင်များအနက် ကွင်းလယ်ကစားသမား ဒေကိုလည်း ထိပ်ဆုံးမှ ပါဝင်လျက်ရှိရာ ဥရောပကလပ်အသင်း အများအပြားက ဒေကိုအား မျက်စိကျလာခဲ့ပြီး ရအောင်ခေါ်ယူရေးကြိုးစားခဲ့ကြသည်။

### ခေါ်ယူ

ယခု ၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီတွင်လည်း ဘာစီလိုနာ အသင်းအား လာလီဂါတွင် ထိပ်ဆုံးသို့ ရောက်အောင်ပို့ဆောင်ပေးထားပြီး လက်ရှိခြေစွမ်းအရ ဘာစီလိုနာတို့ လာလီဂါဖလားကို သုံးကြိမ်မြောက် ဆွတ်ခူးနိုင်မည့် အခြေအနေရှိနေသည်။ ထိုသို့သော အခြေအနေရောက်အောင် ကွင်းလယ်ကစားသမား ဒေကိုက များစွာအထောက်အကူ ပေးထားသည်ဖြစ်ရာ ဥရောပ ထိပ်သီးကလပ်များက ယခုနွေရာသီ ဘောလုံးသမား အပြောင်းအရွှေ့တွင် ခေါ်ယူကြမည်ဖြစ်သည်။

### တွေ့ရ

ထိုဘောလုံးကလပ် အသင်းများတွင် မန်ယူအသင်းလည်းပါဝင်လျက်ရှိရာ ကွင်းလယ်ကစားသမား လိုအပ်နေသော မန်ယူအတွက် ဒေကိုအား ခေါ်ယူရရှိရေးမှာ ပစ်မှတ်တစ်ခုဖြစ်လာနေသည်။ မန်ယူကလပ်က လောလောဆယ်တွင် ပေါင် ၁၅ သန်းပေးမည်ဟုသတင်းဖြန့်ထားရာ ဒေကိုတစ်ယောက် လာမည့်ဘောလုံးရာသီတွင် မန်ယူကစားသမား တစ်ဦးအဖြစ် မြင်တွေ့ရဖွယ်ရှိနေပါကြောင်း။ ။

**(ကိုးကား–အင်တာနက်)**

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

## အင်တာနက် အားကစားသတင်း အတိုအထွာ

* **မန်ယူတို့ ရိုးမားတို့အိမ်ကွင်း၌ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲအဖြစ် သွားရောက်ကစားစဉ် မန်ယူပရိသတ်များအား အီတလီရဲက အကြမ်းဖက် နှိမ်နင်းသဖြင့် စိုးရိမ်ပူပန်မိကြောင်း မန်ယူက ပြောကြားလိုက်သည်။**
* ချာလ်တန်အသင်းမှ အငှားခေါ်ယူကစားသော တရုတ်ကစားသမား ကျန်ဇီသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် တရုတ်သို့ ပြန်လိမ့်မည်ဖြစ်ကြောင်း ချာလ်တန်ကလပ်က ပြောကြားသည်။
* **ပို့စ်မောက်အသင်းသည် ပရီမီယာလိဂ်ရာသီ ကုန်ဆုံးချိန်တွင် ယူအီးအက်ဖ်အေ ဖလားပြိုင်ပွဲဝင်ခွင့်နေရာအတွက် သေချာပေါက်ရလိမ့်မည်ဖြစ်ကြောင်း ၎င်းအသင်းမှ နောက်တန်းလူ လောရင်က ပြောကြားသည်။**
* မန်ယူနှင့်ရိုးမားတို့ ယှဉ်ပြိုင်သည့်ပွဲ၌ မန်ယူပရိသတ်များနှင့် ရဲအဖွဲ့တို့ အကြမ်းဖက်မှု ဖြစ်ပွားခဲ့ခြင်းကို ယူအီးအက်ဖ်အေက စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။
* **ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဧပြီ ၁၀ရက်တွင် ဗလင်စီယာကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သော်လည်း ချယ်လ်ဆီးအသင်းအတွက် ဖိအားဖြစ်စေလိမ့်မည် မဟုတ်ကြောင်း တိုက်စစ်မှူး ဒရော့ဘာက ပြောကြားလိုက်သည်။**
* ပရီမီယာလိဂ် အမှတ်ပေးဇယား နံပါတ် (၁၄)တွင် ရောက်ရှိနေသော အက်စ်တွန်ဗီလာ အသင်းနည်းပြ မာတင်အိုနေးလ်က ၎င်းအနေဖြင့် လာမည့်ပွဲ ခုနစ်ပွဲတွင် ရမှတ် ၄၀ပြည့်ရန် ငါးမှတ်သာ အလိုရှိကြောင်း ပြောကြားလိုက်သည်။
* **ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တွင် အေစီမီလန်အသင်းကို နှစ်ဂိုးစီ သရေကျအောင် ကစားပြလိုက်ခြင်းမှာ ဘွန်ဒက်စ်လီဂါဖလားကို စိန်ခေါ်လိုက်ခြင်းလည်း ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။**
* ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တွင် ဗလင်စီယာအသင်းဘက်သို့ ချယ်လ်ဆီးက ချေပဂိုးကို ဒရော့ဘာက သွင်းယူခဲ့ရာ ယင်းဂိုးမှာ ဒရော့ဘာ၏ ယခုနှစ်ရာသီအတွက် ဂိုးပေါင်း ၃၀မြောက် ဂိုးဖြစ်သည်။

**(အင်တာနက်)**

# မင်္ဂလာညစ်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊မေတ္တာရိပ်မွန်အဆင့်မြင့်အိမ်ရာ၊ တိုက် အေ(၉)၊ အခန်း(၈)နေ ဗိုလ်မှူးကြီးချစ်သန်းဝင်း(ငြိမ်း) Asia World Co.,Ltd.– ဒေါ်အေးအေးသန်း တို့၏တစ်ဦးတည်းသောသား

**ဗိုလ်ဇော်မင်းထက် B.C.Sc (D.S.A)**

**နှင့်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၄လမ်း၊ အမှတ်(၆၃)နေ ဦးအေးမြင့်–ဒေါ်ဝင်းမာ(ဆောင်းသဇင်ပါတိတ်ဆိုင်)အဆင့်မြင့်မင်္ဂလာဈေး တို့၏တစ်ဦးတည်းသောသမီး

**မခိုင်သန္တာဝင်း (LL.B-Law)**

တို့၏ ၁–၄–၂၀၀၇ရက် (တနင်္ဂနွေနေ့) ရန်ကုန်မြို့ Sedona Hotel (Grand Ballroom) တွင် ကျင်းပပြုလုပ်သော မင်္ဂလာညစ်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့်ဇနီး ဒေါ်ခင်စန်းဝေတို့အားလည်းကောင်း၊ မင်္ဂလာညစ်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးဝင်းမြင့် အားလည်းကောင်း၊ သားဖွားမီးယပ်အထူးကု (မင်္ဂလာဒုံဆေးရုံကြီး)မှ တပ်မှူး ပါမောက္ခဗိုလ်မှူးကြီး ကျော်ညွန့်၊ Asia World Co., Ltd. မှဒါရိုက်တာဦးမောင်ကျေးနှင့်ဇနီးဒေါ်ချိုချိုပြုံး၊ ဒါရိုက်တာ ဒေါ်ခင်သန်းမြင့်နှင့် အထွေထွေမန်နေဂျာ ဦးလှမြင့်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့ တည်ဆောက်ရေးစီမံကိန်းမန်နေဂျာ ဦးနေလင်းနှင့်ဇနီး ဒေါ်လှလှဆွေနှင့် စီမံကိန်းဝန်ထမ်း များအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးကြ ပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း နှင့်ဇနီး၊ Asia World Co.,Ltd. မှအုပ်ချုပ်မှုဒါရိုက်တာဦးထွန်းမြင့်နိုင်နှင့်ဇနီး၊ မင်္ဂလာညစ်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်၊နယ်ဘက်မှအရာရှိကြီးများနှင့်ဇနီးတို့အားလည်းကောင်း၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော မရတနာဦးနှင့် The Aces တေးဂီတအဖွဲ့၊ သတို့သားအရံ ဗိုလ်ဝဏ္ဏနှင့် ဗိုလ်စိုးမြင့်နောင်၊ သတို့သမီးအရံ မဖြူဖြူခိုင်နှင့် မစုမွန်အောင်၊ မင်္ဂလာပန်းကြဲပေးပါသော သမီးမြတ်နိုးဦး၊ မင်္ဂလာအောင်စံပယ် ပန်းကုံး ကိုင်ဆောင်ပေးပါသော မအေးအေးရွှေတို့အားလည်းကောင်း၊ အရာရှိဝတ်စုံချုပ်လုပ် ပေးပါသော ကိုညီညီနှင့်ညီအစ်ကိုများ(ကိုင်ရှိ)အပ်ချုပ်ဆိုင်၊ မိတ်ကပ်ဆံပင် အလှဆင်ယင်ပေးခြင်း နှင့် မင်္ဂလာဝတ်စုံချုပ်လုပ်ပေးသော မိတ်ကပ်ခင်စန်းဝင်းအားလည်းကောင်း၊ မိတ်ကပ်နှင့်ပန်းအလှ ဆင်ပေးသော မိတ်ကပ်လင်းလင်း(ဗိုလ်ချုပ်ဈေး)အားလည်းကောင်း၊ ဗီဒီယိုနှင့်ဓာတ်ပုံရိုက်ကူး ပေးကြပါသော ဦးစိုင်းဘုန်းထူးနှင့်ဇနီး အန်တီဖြူတို့အားလည်းကောင်း၊ Sedona Hotel မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ဇော်မင်းထက်–မခိုင်သန္တာဝင်း။**

# လယ်တီစံ ၁၀ရက်တရားစခန်း

**ရန်ကုန် ဧပြီ ၆**

ပုဇွန်တောင်မြို့နယ် အမှတ်၂ ရပ်ကွက် လယ်တီစံ မဟာစည် သာသနာ့ရိပ်သာတွင်သင်္ကြန်အထူး တရားစခန်းပွဲကို ဧပြီ ၁၂ရက် ညနေမှ ၂၁ရက်အထိ၁၀ရက်အထိ ကျင်းပမည်ဖြစ်သည်။တရားစခန်း ဝင်မည့်ယောဂီနှင့်ဒုလ္လဘများသည် အကျိုးဆောင်အဖွဲ့နှင့်ဆက်သွယ် နိုင်၍ တရားစခန်းတွင် ဆွမ်း၊ လှူဖွယ်များ လှူဒါန်းနိုင်ပြီး ဖုန်း– ၂၀၁၆၃၄သို့ ဆက်သွယ်စုံစမ်းနိုင် ကြောင်းသိရသည်။ (၃၅၂)

## ၂၀၀၇ခုနှစ် Intensive Course MBA, MPA, M.Dev.S

**ဝင်ခွင့်အနီးကပ်ရက်တိုသင်တန်းများစပြီ၊** ရုံးချိန်နှင့်ရုံးချိန်လွတ် သင်တန်းများကို ဝါရင့်အတွေ့အကြုံရှိ ဆရာကြီး၊ ဆရာမကြီးများမှ ပို့ချပေးပါမည်။

**ပထမသင်တန်း**
၂၀၀၇ ဧပြီ ၉ရက်မှ ၂၃ရက်အထိ
**ဒုတိယသင်တန်း**
၂၀၀၇ ဧပြီ ၂၃ရက်မှမေလ ၃ရက်အထိ

**ဆက်သွယ်ရန် Prime**
**၂၇၂၊ ဆိပ်ကမ်းသာလမ်း**
**(အထက်ဘလောက်)ရန်ကုန်မြို့။**
**ဖုန်း–၇၀၀၃၀၂**
**ဖုန်း–၀၉–၅၁–၉၉၆၃၁၊ ၀၉–၅၁–၉၄၂၃၆။**

# မင်္ဂလာညစ်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးအောင်ကြီးမြင့်)–ဒေါ်ချစ်ချစ်တို့၏တစ်ဦးတည်းသောသား

**ဗိုလ်အောင်ချမ်းသာ B.C.Sc (D.S.A)**

**နှင့်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဦးဝိစာရလမ်း၊ ခြံအမှတ် ၂၇၈(B)နေ ဦးအေးမင်း(အငြိမ်းစားလေယာဉ်မှူးချုပ်၊ မြန်မာ့လေကြောင်း)–ဒေါ်မြမြစိန် တို့၏တစ်ဦးတည်းသောသမီး

**မထက်ထက်အေးမင်း B.A (*English*)**

**Diploma in Global English**

တို့၏ ၃–၄–၂၀၀၇ရက်တွင် မြရိပ်ညိုရွှိုင်ရယ်ဟိုတယ် မြက်ခင်းပြင်၌ ကျင်းပပြုလုပ်သော မင်္ဂလာညစ်ခံပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာ အခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင် အန်တီဒေါ်တင်တင်မြအားလည်းကောင်း၊ တေးဂီတ A.1 ဦးစိုးမြင့်နှင့်အဖွဲ့များအားလည်းကောင်း၊ မှတ်တမ်းတင်ဓာတ်ပုံကို မေတ္တာဖြင့်ရိုက်ကူးချီးမြှင့်ပေးသော အန်တီဟန်စုမော်အားလည်းကောင်း၊ မှတ်တမ်းတင်ဗီဒီယိုနှင့်ဓာတ်ပုံရိုက်ကူးပေးပါသော စိုင်းဘုန်းထူးနှင့် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာသတို့သမီးဝတ်စုံဆင်မြန်းပေးသော လဲ့လဲ့ဝင်း(အနောက်တိုင်းမင်္ဂလာဝတ်စုံ) အားလည်းကောင်း၊ မိတ်ကပ်အလှ ဆင်ပေးသောအလှဖန်တီးရှင် မိတ်ကပ်ခင်စန်းဝင်းနှင့် အဖွဲ့အားလည်း ကောင်း၊ မင်္ဂလာညစ်ခံပွဲတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော သူငယ်ချင်းအပေါင်းအသင်းများ အားလည်းကောင်း၊ မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်မှမန်နေဂျာနှင့်တကွ ဝန်ထမ်းများအားလည်းကောင်း၊ ကြွရောက် ချီးမြှင့်အားပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်တကွ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်း ကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ **ဗိုလ်အောင်ချမ်းသာနှင့်မထက်ထက်အေးမင်း။**

# မွေးနေ့ဆုမွန်လွှာ

## ဒေါက်တာနှင်းငြိမ်းချမ်း(ခ)ဂူးဂူး ၏

၇–၄–၂၀၀၇ရက်တွင် ကျရောက်သော
မွေးနေ့မင်္ဂလာရက်မြတ်မှသည်
ရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်ပြီး
ချစ်တဲ့သူနှင့်အတူ ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝလေးကို
ပိုင်ဆိုင်နိုင်ပါစေ–––။

**အောင်။**

## ဦးအောင်မြင့် ၁၂/ပဘတ(နိုင်)၀၁၇၇၀၃ (Mother Land Group Yadana Myaing Construction) ဒေါ်ခင်မျိုးနွယ် ၁၂/ဗဟန(နိုင်)၀၇၉၇၈၈၊ ဦးအုန်းခိုင်မြင့် ၁၄/ဖပန(နိုင်)၁၁၂၅၅၂+၁ တို့နှင့် အများသိသာရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဒေါ်မိမိခင် ၁၂/ဒဂန(နိုင်)၀၀၈၉၇၁၊ ဒေါ်ခင်ကြည် ၁၂/ဒဂန(နိုင်)၀၀၅၀၅၄၊ ဦးလှကြိုင် ၁၂/ဒဂန(နိုင်)၀၁၃၇၂၅၊ ဦးတင်မြ ၁၂/ဒဂန(နိုင်)၀၂၆၉၅၂၊ ဒေါ်မြမွန် ၁၂/ဒဂန(နိုင်)၀၀၆၄၃၃၊ ဒေါ်ထားရီ ၁၂/ဒဂန(နိုင်)၀၀၅၃၆၆၊ ဒေါ်သန်းသန်းဆင့် ၁၂/ဒဂန(နိုင်)၀၀၅၃၆၉တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်–

ဒေါ်ခင်မျိုးနွယ်၊ ဦးအုန်းခိုင်မြင့်၊ (ဒေါ်ခင်သီတာ)+၁တို့သည် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်းအနောက်ရပ်ကွက်၊ မနောဟရီလမ်း၊ ခြံအမှတ် ၇၄ဟု ခေါ်တွင်သော ရန်ကုန်မြို့၊ အလုံတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆/အေ မြေကွက်အမှတ် ၉၅၊ ဧရိယာ ၀ ဒသမ ၉၂၀ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံများနှင့် စပ်လျဉ်းသော အကျိုးခံစားခွင့်များကို ဦးအောင်မြင့် (Mother Land Group Yadana Myaing Construction)နှင့် အရောင်း အဝယ်စာချုပ် ချုပ်ဆိုထားကြောင်း ခိုင်လုံစွာသိရှိရပါသည်။

အထက်ဖော်ပြပါ ဥပဒေနှင့်စပ်လျဉ်း၍ ယခုကြေညာသူများ အပါအဝင် ဥပစာအတွင်း၌ နေထိုင်သူများအပေါ် ဒေါ်မြနွယ်ပါ သုံးဦးတို့က ဒဂုံမြို့နယ် တရားရုံးတရားမကြီးမှုအမှတ် ၃/၇၆၊ ၄/၇၆၊ ၁၄/၇၆၊ ၁၅/၇၆၊ ၁၆/၇၆၊ ၁၇/ ၇၆၊ ၁၈/၇၆ တို့တွင် "အခွင့်အမိန့်အရနေထိုင်သူများအဖြစ် နှင်လိုမှု" စွဲဆိုရာ အောက်ရုံးများက အတည်ပြုခွင့်ပြုသည်ကို ရန်ကုန်မြို့၊ တရားရုံးချုပ်က ၁၉၈၈ခုနှစ် တရားမ ဒုတိယအယူခံမှုအမှတ် ၄၉၊ ၅၀၊ ၅၁၊ ၆၅၊ ၆၆တို့ဖြင့် ပလပ်ခဲ့ပြီး ယင်းပလပ်သည့်အမိန့်ကို ရန်ကုန်မြို့ တရားရုံးချုပ် ၁၉၈၉ခုနှစ် တရားမ ဒုတိယ အယူခံမှုအမှတ် ၅၈၊ ၅၉၊ ၆၀၊ ၆၁တို့နှင့် ၁၉၉၀ပြည့်နှစ် တရားမအထွေထွေ လျှောက်လွှာ(အထူး)အမှတ် ၄၆၊၄၇၊ ၄၈၊ ၄၉၊၅၀၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆ နှင့် ၁၂၂တို့တွင် ဆက်လက်အတည်ပြုပြီးဖြစ်ပါသည်။

ဒေါ်မြနွယ်က ၁၉၉၂ခုနှစ် ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၄၆၆တွင် "အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လက်ရောက် ရလိုမှု"စွဲဆိုခဲ့ရာအောက်ရုံးများက အတည်ပြုခွင့်ပြုသည်ကို ရန်ကုန်မြို့၊ တရားရုံး ချုပ်က ၁၉၉၆ခုနှစ် တရားမ ပထမအယူခံမှုအမှတ် ၂၀၆၊ ၂၀၉တို့ဖြင့် ပလပ်ခဲ့ပြီး ယင်းပလပ်သည့်အမိန့်ကို ၁၉၉၈ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၅၀၊ ၅၁ တို့တွင် ဆက်လက်အတည်ပြုပြီးဖြစ်ပါသည်။

အဆိုပါ ရန်ကုန်မြို့ တရားရုံးချုပ် တရားမအထူးအယူခံမှုအမှတ် ၅၀/၉၈၊ ၅၁/၉၈တို့တွင် ဒေါ်ခင်မျိုးနွယ်၊ ဦးအုန်းခိုင်မြင့်၊ (ဒေါ်ခင်သီတာ)+၁တို့က လက်ရှိ အမည်ပေါက်သူ ကွယ်လွန်သူ ဒေါ်မြနွယ်၏ တရားဝင်ကိုယ်စားလှယ်များအဖြစ် ပါဝင်လာခဲ့ကြပြီး ဒေါ်ခင်မျိုးနွယ်၊ (ဒေါ်ခင်သီတာ)+၁တို့ သုံးဦးက ၁၉၉၈ခုနှစ် ရန်ကုန်တိုင်း တရားရုံးတရားမကြီးမှုအမှတ် ၃၃၂တွင် "အမွေထိန်းလက်မှတ်စာ ထုတ်ပေးစေလိုမှု" စွဲဆိုခဲ့သော်လည်း ရန်ကုန်မြို့၊ တရားရုံးချုပ် ၂၀၀၁ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၂၂တွင် ရှုံးနိမ့်ခဲ့ပါသည်။

၁၆–၁၁–၂၀၀၁ ရက်စွဲပါ ရန်ကုန်မြို့၊ တရားရုံးချုပ် တရားမအထူးအယူခံမှု အမှတ် ၂၂/၂၀၀၁စီရင်ချက်တွင်–

"ဒေါ်မြနွယ်သည် အချင်းဖြစ်ပစ္စည်းကို လက်ရောက်ရလိုကြောင်း တရား စွဲဆိုခဲ့ရာ ဥပဒေအရ ကန့်သတ်ထားသည့် ကာလအပိုင်းအခြားကုန်ဆုံးသွားသည့် အတွက် ထိုပစ္စည်းကို ပိုင်ဆိုင်ခွင့်သည်လည်း ကုန်ဆုံးသွားပြီ ဖြစ်သည်။ အချင်းဖြစ် ပစ္စည်းတွင် ဒေါ်မြနွယ်၏ ပိုင်ဆိုင်ခွင့်ကုန်ဆုံးသွားပြီဖြစ်ရာ အမွေစီမံခန့်ခွဲရန် အမွေပုံပစ္စည်းကျန်ရစ်ခဲ့သည်ဟု မဆိုနိုင်တော့သဖြင့် ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာထုတ်ပေးရန် အကြောင်းမပေါ်ပေါက်ချေ" ဟု အတိအလင်း သုံးသပ်ဆုံးဖြတ်ထားပါသည်။

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မောင်တိုး၏ပတ်စ်ပို့ အမှတ်–၃၄၉၃၉၆သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ အမြန် အကြောင်းကြားပေးပါရန်။

**ဖုန်း–၃၇၉၄၅၅။**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နီဆန်းဆန်နီ ဆလွန်း ကား (No.သ/၄၀၇၄)၏ အခွန်ကင်း ရှင်းကြောင်းစာရွက် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါ ရန်။ **ဦးခင်မောင်ထွေး(ခ)ဦးကိုဇင်**

**ဖုန်း–၅၈၅၀၅၈။**





# ကုန်အမှတ်တံဆိပ်သတိပေးချက်

၄/၁၃၁၉

၄/၁၃၂၀

၄/၁၃၂၁

၄/၁၃၂၂

ရန်ကုန်တိုင်း၊ အဆင့်မြင့်လှိုင်သာယာမြို့နယ်၊ အမှတ် ၁၀၅၃၊ ၁၀၅၄၊ ၅/၄ကနေ ဒေါ်ဝင့်ဝင့်ဌေး ၉/ရမသ(နိုင်)၀၈၄၅၆၁သည် အထက်ပါကုန်အမှတ် တံဆိပ် အမှတ်အသားကို တစ်ဦးတည်းပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ၂၃ရက်တွင် အမှတ်တံဆိပ်အောက် တွင် ဖော်ပြပါရှိသော မှတ်ပုံတင်အမှတ်များဖြင့် မှတ်ပုံတင်သွင်းပြီး Rose တံဆိပ် အဆင့်မြင့်ဖိနပ်များအား မြန်မာတစ်ပြည်လုံးသို့ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အထက်ပါ ကုန်အမှတ်တံဆိပ်များကို ပုံတူပုံမှား တုပသုံးစွဲခြင်း မပြုရန် သတိပေးတားမြစ်လိုက်ပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်များနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံ သောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ဝင့်ဝင့်ဌေး**
**၉/ရမသ(နိုင်)၀၈၄၅၆၁**
**၁၀၅၃၊ ၁၀၅၄၊ ၅/၄က၊ အဆင့်မြင့်လှိုင်သာယာမြို့နယ်။**

သို့ဖြစ်ပါ၍ ဦးအောင်မြင့်၊ ဒေါ်ခင်မျိုးနွယ်၊ ဦးအုန်းခိုင်မြင့်+၁တို့သည် အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံများနှင့်ပတ်သက်၍ တရားရုံးချုပ်၏စီရင်ချက်နှင့် ဒီကရီများကိုမျက်ကွယ်ပြု၍ မိမိပိုင်ဆိုင်ခွင့်ရှိသည့် အနေဖြင့် ရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်းများပြုလုပ်ထားခြင်းသည် တရားရုံးချုပ်၏ တရားမအထူးအယူခံမှုအမှတ် ၅၀/၉၈၊ ၅၁/၉၈နှင့် တရားမအထူးအယူခံမှုအမှတ် ၂၂/၂၀၀၁တို့တွင် ချမှတ်ထားသောစီရင်ချက်နှင့် ဒီကရီတို့ကို မထီမဲ့မြင်ပြုသည့် သဘောသက်ရောက်နေပါသည်။

ထို့ကြောင့် ယင်းကဲ့သို့တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီတို့ကို မထီမဲ့မြင် ပြုသည့် သဘောသက်ရောက်သည့်ပြုလုပ်မှုများ ဆက်လက်မပြုလုပ်ကြပါရန်နှင့် ယင်းကဲ့သို့ပြုလုပ်နေခြင်းကို လက်ခံခြင်း၊ အားပေးကူညီခြင်းများကိုလည်း မပြုလုပ် ကြပါရန် အသိပေးအပ်ပါသည်။ အကယ်၍ မလိုက်နာပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| **ဦးလှသိန်း(B.A, LL.B)** | **ဒေါ်စန္ဒာသိန်း(LL.B, D.B.L)** |
| **တရားရုံးချုပ်ရှေ့နေ(စဉ်– ၆၀၀၄)** | **အထက်တန်းရှေ့နေ(စဉ်–၂၄၅၈၂)** |
| **တိုက်အမှတ်(၉)၊ဒုတိယထပ်၊(၃၆)လမ်း** | **တိုက်အမှတ်(၉)၊ဒုတိယထပ်၊(၃၆)လမ်း** |
| **ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။** | **ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။** |

# တံတားဦးမြို့နယ်၌ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့် လျှပ်စစ်မီးရရှိသဖြင့် ဒေသဖွံ့ဖြိုးရေးများစွာ အထောက်အကူပြု

ရန်ကုန် ဧပြီ ၆

**မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် မြင်းသည်ကျေးရွာ၌ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက် နံနက်၉နာရီက အဆိုပါစက်ရုံရှိ မင်္ဂလာမဏ္ဍပ်တွင်ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် အမှာစကားပြောကြားပြီး စက်ရုံကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။**

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အခမ်းအနားအစီအစဉ်အရ တံတားဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်စန်းနှင့် ကျေးရွာ မီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းစိန်တို့က ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို စက်ခလုတ်နှိပ်၍ မီးစတင် လင်းပေးပြီးနောက် **(အပေါ်ပုံ)** ဓာတ်အားပေး စက်ရုံအတွင်းရှိ အင်ဂျင်စက်ခန်း၊ အစာဖျော်ကိရိယာ၊ အစာချေဓာတ်ငွေ့ထုတ်ကန်၊ အစာဟောင်းလျှံထွက်ကန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## အမှာစကားပြောကြား

ဆက်လက်၍ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ဇီဝလျှပ်စစ်ဓာတ်ငွေ့သုံး စက်ရုံသည် ကျောက်ဆည် ခရိုင်အတွင်း ၃၁ရွာမြောက် တည်ဆောက်ဖွင့်လှစ်နိုင်ခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးသည် အရေးပါသည့် လုပ်ငန်းစဉ်ကြီး ဖြစ်ကြောင်း၊ ယခုကဲ့သို့ လျှပ်စစ်မီးရရှိသဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်မှာ ဖြစ်ကြောင်း။ ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာတော့မှာ ဖြစ်ကြောင်းနှင့် ယခု တည်ဆောက်ပြီးသည့် ဓာတ်အားပေး စက်ရုံသည် ကျေးလက်နေပြည်သူများ၏ ထည့်ဝင်ငွေဖြင့် တည်ဆောက်ထားသဖြင့် အများပိုင်ပစ္စည်းဖြစ်ရာ ရေရှည်အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း၊ ထပ်မံရရှိနိုင်သေးသော နွားချေးများဖြင့် ၂၄ နာရီနေ့ညမပြတ် မီးလင်းနိုင်ရေး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ နေ့ညမီး ရရှိလာပါက အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းကြစေလိုကြောင်း မှာကြားသည်။

## နေ့စဉ်မီးပေးလျက်ရှိ

အဆိုပါ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၄၃သိန်းကျော်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေမီးချောင်း စုစုပေါင်း ၃၄၀အား နံနက် ၅နာရီမှ ၆နာရီတစ်ကြိမ်၊ ညနေ၆နာရီမှ ၉နာရီအထိ တစ်ကြိမ် နေ့စဉ် မီးပေးဝေလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သထုံစိုက်သိပ္ပံ မြတ်ဆရာပူဇော်မည်

**ရန်ကုန် ဧပြီ ၆**

သထုံစိုက်သိပ္ပံ၌ ၁၉၆၇ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ပညာသင်ပေးခဲ့ သော ကျောင်းအုပ်ကြီးများ၊ အသက် (၅၉)နှစ်ပြည့်ပြီး ဆရာကြီး၊ဆရာမကြီးများအား ၂၀၀၇ခုနှစ် ဇွန် ၉ရက် (စနေနေ့)တွင် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို စိုက်သိပ္ပံခန်းမဆောင်၌ ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

ဆရာများ၊ ကျောင်းသားဟောင်းများထံ ဖိတ်စာများ ဖြန့်ဝေလျက်ရှိရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သွားလာရေးနှင့် လှူဒါန်းရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသော ဦးညွန့်ဆွေ ဖုန်း-၀၈၅-၂၂၀၄၈၊ ဦးသန်းနွယ် ဖုန်း-၀၅၃-၂၄၃၇၅၊ ဦးမျိုးဝင်း ဖုန်း-၀၄၅-၃၀၄၂၃၊ ၃၀၆၃၇၊ ဦးတင်ရိုန် ဖုန်း-၀၅၉-၄၁၀၅၂၊ ဦးစောဒီးဒီး ဖုန်း-၀၄၂-၂၄၅၄၈၊ ဦးစိုးတင် ဖုန်း-၀၁-၂၉၃၄၇၆၊ ဦးကျော်သောင်း ဖုန်း ၀၉-၅၁၉၈၀၄၉၊ ဦးစိုးညွန့် ဖုန်း-၀၁ -၅၁၄၀၈၆၊ ဦးစိန်လင်း ဖုန်း-၀၅၇-၄၀၁၂၃၊ ၂၅၇၊ ဦးမြင့်ဆွေ (စိုက်သိပ္ပံ) ဖုန်း-၀၅၇-၄၀၀၇၅၊ ဒေါ်နီနီအေး ဖုန်း-၀၉-၅၁၆၉၆၂၈ နှင့် ဒေါ်မြင့်မြင့်ဝေ ဖုန်း-၀၅၇-၂၁၀၉၄ တို့ထံ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# ရုပ်ရှင်ဓာတ်ကားများ သင်္ကြန်ရက်ရှောင် ကက်ကင်းဓာတ်ကား သင်္ကြန်ပြီးမှရုံတင်မည်

**ရန်ကုန် ဧပြီ ၆**

ယခုသောကြာပတ်တွင် ပြသဆဲ ဓာတ်ကားများ ဆက်လက်ပြသမည် ဖြစ်ပြီး သင်္ကြန်ရက်တွင် ရုပ်ရှင်ဓာတ်ကားများ သင်္ကြန်ရေရှောင်ကာ နားမည်ဟု သိရသည်။

ဒါရိုက်တာ ထွန်းအောင်ဇော်၏ **ငါ့ဓား ငါ့သွေး ငါ့ရောဝတီ** ဓာတ်ကားမှာ သမ္မတနှင့် သွင်ရုံတွင်သာ ပြသနေပြီး မင်္ဂလာရုံတွင် Rob.B. Hood ရုံဝင်လာသည်။ ရှေ့ဆောင်ရုံတွင် **Dhoom-2** အိန္ဒိယအက်ရှင် ဓာတ်ကား ဆက်လက်ပြသနေပြီး နေပြည်တော်ရုံတွင် **Blood Diamond** ဓာတ်ကား အားပေးနေဆဲ ဖြစ်သည်။

သင်္ကြန်အပြီး ရုံဝင်လာမည့် **ကက်ကင်း** ဓာတ်ကားမှာ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ လက်ရာ

**မကြာမီရုံဝင်လာမည့် ကက်ကင်း ဓာတ်ကားမှ ဒွေးနှင့် နန္ဒာလှိုင်။**



## ရုပ်ရှင် သတင်းထောက်

ဖြစ်ပြီး စကားလုံးနှင့် ဓာတ်ညွှန်းကို ငြိမ်းမင်းကဖန်တီးထားသည်။ယင်းဓာတ်ကားတွင် ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး၊ မေသဥ္စာဦးနှင့်နန္ဒာလှိုင်တို့ ပါဝင် ထားသည်။ အမြွှာမွေး ညီအစ်မနှစ်ဦးနှင့်သူငယ်ချင်းနှစ်ဦးတို့၏ မေတ္တာဓာတ်လမ်းကိုဟာသနှောရိုက်ကူးထားသော ဟာသဓာတ်မြူးကားဖြစ်သည်။

မြို့လယ် ဘုရင့်ရုံတွင် Koi-Milgaya အိန္ဒိယသိပ္ပံဂြိုဟ်သားကား ရုံဝင်လာသည်။ ယင်းဓာတ်ကားတွင် ရိုသစ်ရိုရှန်း၊ ပရီတီဇင်တာ၊ ရီခါးတို့ ခေါင်းဆောင် ပါဝင်ထားသည်။

## ဗီဒီယိုဓာတ်ကားများ

ရွှေမန်း၊ စံပြနှင့် သီတာရုံများတွင် **အရဏ်ဦးရဲ့ လင်ရောင်ခြည်** အဆင့်မြင့် မြန်မာဗီဒီယိုကားရုံဝင်လာသည်။ ဒါရိုက်တာကိုဇော်(အရဏ်ဦး)ရိုက်ကူးပြီး ဝေဠုကျော်၊ မေကဗျာ၊ ဆုရွှန်းလဲ့၊ မော့စ်၊ ခင်လှိုင်နှင့် ကောင်းကျော်တို့ ခေါင်းဆောင်ပါဝင်ထားသည်။ စက်ချွတ်ယွင်းသွားသော လေယာဉ်အတွင်းမှ ခရီးသည်များကို ဗိုလ်ကြီးဝေဠုခေါင်းဆောင်သော တပ်မတော်သားများက သက်စွန့်ဆံဖျား ကယ်တင်လိုက်နိုင်ပုံများကို ဓာတ်လမ်းဆင် ရိုက်ကူးထားသောဓာတ်ကားဖြစ်သည်။ ရွှေဂုန်အဆင့်မြင့်အပေါ်ထပ်တွင် ဂျိန်းစ်ဘွန်းမင်းသား ရော်ဂျာမိုး ပါဝင်သရုပ်ဆောင်ထားသော Moonraker ဓာတ်ကား ရုံဝင်လာပြီး မြေညီထပ်တွင် Mr. India ဓာတ်ကား ရုံဝင်သည်။ မြို့မ တန်းမြင့်ရုံတွင် Dil Hai Tumhaara ဓာတ်ကား ရုံဝင်လာသည်။

ရွှေဇာဟို၊ ဘုရင့်နောင်၊ ဧရာဝတီနှင့် မြရတနာရုံများတွင် ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ **သိကြားမင်းဒေါ့ကွန်း** အဆင့်မြင့် မြန်မာဗီဒီယို ဓာတ်ကား ပြသနေဆဲ ဖြစ်သည်။ စိုင်းစိုင်းခမ်းလှိုင်၊ ဟက်ကက်၊ ဖိုးကျော်၊ ကျော်သူစိုး၊ ဇင်မျိုး၊ အောင်ဇော်မင်း၊ ရဲလှိုင်ဘွား၊ ရတနာပုံ၊ မယ်လိုဒီ၊ စန္ဒီမြင့်လွင်၊ ဖူးဖူး တေးဂီတနှင့် မော်ဒယ်သရုပ်ဆောင်များ ပါဝင်ထားသည်။ ။

**(မြန်မာ့အလင်း)**

# သင်္ကြန်တွင်း တရားစခန်းပွဲများ

## အတုလမဂ္ဂ ကမ္မဋ္ဌာန်းကျောင်းတိုက်သင်္ကြန်တွင်းတရားစခန်း

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် နွယ်ခွေစံပြကျေးရွာ အတုလမဂ္ဂ ကမ္မဋ္ဌာန်းကျောင်းတိုက်၏ သင်္ကြန်တွင်း တရားစခန်းပွဲကို ဧပြီ ၁၂ ရက်မှ ၁၈ ရက် (တန်ခူးလပြည့်ကျော် ၁၁ရက်မှ ကဆုန်လဆန်း ၃ရက်)အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝိလာသ(ဓမ္မာစရိယ ဒီဃဘာဏက ပိဋကတစ်ပုံခွဲဆောင်)၊ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် နွယ်ခွေစံပြကျေးရွာ အတုလမဂ္ဂ ကမ္မဋ္ဌာန်းကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သုနန္ဒ၊ ကျောက်တန်းမြို့ သိမ်ကုန်းကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရ (သိရီပဝရ-ဓမ္မာစရိယ မဟာဝိဇ္ဇာကိုလံဘို)နှင့် အိန္ဒိယနိုင်ငံကာလကတ္တားမြို့မှ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဇနိတ (Ph.D)တို့က တရားတော်များ ဟောကြားပြသတော်မူမည်ဖြစ်၍ တရားစခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၁၀ ရက် နောက်ဆုံးစာရင်းပေးသွင်းရန်နှင့် လှူဒါန်းလိုသည့် အလှူရှင်များသည် ဖုန်း-၆၉၀၄၄၆၊ ၀၉-၅၀၀-၂၀၂၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## စတုဘုမ္မိက သင်္ကြန်တရားစခန်းပွဲ

**ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ပြည်သာယာလမ်း ဈ/မြောက်ရပ်ကွက် စတုဘုမ္မိကမဂ္ဂင်ရိပ်သာတွင် ၄က်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာနနာယက ဘဒ္ဒန္တကုမာရ(သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ)နှင့် စတုဘုမ္မိက သာသနာပြန့်ပွားရေးအကျိုးဆောင်အဖွဲ့တို့က ဧပြီ ၁၄ ရက်မှ ၂၀ရက်အထိ တရားစခန်းဖွင့်မည်ဖြစ်ရာ ဝင်ရောက်အားထုတ်လိုသူများ ဦးအေးသိန်း ဖုန်း-၅၈၀၁၄၂၊ ဦးတင်အောင် ဖုန်း-၅၅၂၂၅၁၊ ဦးဝင်းကြိုင် ဖုန်း-၅၇၁၈၂၉တို့နှင့် ဆက်သွယ်နိုင်ပြီး ယောဂီများတစ်ရက်ကြိုတင် ရိပ်သာဝင်ကြရမည်ဖြစ်ကြောင်း သိရသည်။**

## ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာ အလုပ်ပေးတရားစခန်းပွဲ

ဒေါပုံမြို့နယ် ဆေးစက် ပုသိမ်မြေရပ်ကွက် ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီး ပဓာန နာယကဆရာတော်၏ ဩဝါဒခံယူလျက် မြတ်သီတာသိမ်တော်ကြီးတွင် ကျေးဇူးတော်ရှင် (အဂ္ဂမဟာပဏ္ဍိတ လယ်တီ ဆရာတော်ကြီး)၏ ဥပနိဿယအတိုင်း နိုင်ငံကျော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး ဦးသန်းရွှေ (ဒလ- အုံ့ကြီး)သည် ကိုယ်တွေ့ ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် သမထဝိပဿနာ ကျင့်စဉ်တရားတော်များကို ဧပြီ ၁၃ ရက်မှ ၁၉ရက်အထိ နံနက် ၇ နာရီမှ ည နေ ၆ နာရီအထိ ဟောကြားပြသမည်ဖြစ်ပါ၍ တရားဓမ္မများကို ကိုယ်တိုင်ကြွရောက် ရှုမှတ်ပွားများ နိုင်ကြောင်းနှင့် ဖုန်း-၅၅၇၅၅၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

## သင်္ကြန် ငါးရက် တရားစခန်းပွဲ

**တောင်ငူမြို့ ဇီးဒိုင်းဒိုင်နယ် ရွှေဂူကြီးကျောင်းတိုက်၌ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးတွင် ဧပြီ ၁၃ရက်မှ ၁၇ရက်အထိ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကိုခံယူကာ (၂၇)ကြိမ်မြောက် တရားစခန်း၌ ရွှေဂူကြီးဆရာတော် ဦးကောဏ္ဍညအား အမှူးထား၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ငါးရက်တရားစခန်းပွဲ၌ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဆရာတော် ဘဒ္ဒန္တ ဦးကေတုမာလာ (နယ်လှည့်တရားဟော ဓမ္မကထိက) အရှင်သူမြတ်တို့က ပဋိစ္စသမုပ္ပါဒ်ကို အခြေခံ၍ သစ္စာလေးပါး၊ ဒိဋ္ဌိပြုတ်တရား၊ ခန္ဓာဉာဏ်ရောက် တရားများကို ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ ဧပြီ ၁၂ရက်(ကြာသပတေးနေ့)ညနေ ၅နာရီအရောက် လာရောက်ကြရန်နှင့် ဖုန်း-၀၅၄-၂၃၅၈၆သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။**

## နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်း အပေါ်ထပ်တွင် ဧပြီ၁၃ရက် (သောကြာနေ့)မှ ဧပြီ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်) အင်္ဂါနေ့ အထိ ငါးရက်တိုင်တိုင် နေ့စဉ် နံနက် ၉ နာရီအချိန်တွင် နဝင်္ဂသီလ ချီးမြှင့်ပြီး မွန်းလွဲ ၁ နာရီ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင်ဆရာတော်နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ နာယကချုပ်၊ ဒုတိယ နာယကချုပ်နှင့် ဆရာတော်များက ဟောကြားတော်မူမည်ဖြစ်သည်။

## မေတ္တာအေး သင်္ကြန် အထူးတရားစခန်းပွဲ

**ရန်ကုန်တိုင်း သင်္ဃန်းကျွန်း မြို့နယ် စံပြရပ်ကွက် ၅ လမ်း မေတ္တာအေး မဟာစည်သာသနာ့ရိပ်သာ၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယကိုခံယူကာ မဟာစည်နယ်လှည့်ဓမ္မကထိက သာသနဓဇဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ မေတ္တာအေးဆရာတော် ဘဒ္ဒန္တ သုဇာတ ဦးစီး၍ ဧပြီ ၁၃ ရက်မှ ၂၀ ရက်အထိ မဟာသင်္ကြန်အထူးတရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ တရားစခန်း ဝင်လိုသော ယောဂီများသည် ဧပြီ ၁၂ ရက် ညနေအရောက် လာရောက်ကြရန် နှင့်ဖုန်း-၀၁-၅၆၂၂၄၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**

(မြန်မာ့အလင်း)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး)အတွက် ပြွန်တန်ဆာမြို့နေ ဦးခွေး၊ ဦးကောက်၊ ဒေါ်လှကျင်တို့အား ရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ၅၄လမ်းတို တိုက်(၆) အခန်း(၅) နေ ဦးညို-ဒေါ်စိန်ရင်၊ သားသမီး၊ မြေးတစ်စုက အလှူငွေကျပ်နှစ်သိန်း၊ ဦးဝင်းလွင်- ဒေါ်ဝေဝေဦး မိသားစုက အလှူငွေကျပ်ငါးသောင်းတို့ကို လှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က အလှူငွေလက်ခံပြီး ကျောင်းအကျိုးတော်ဆောင်ဆရာတော် ဦးဂန္ဓသာရ (မဟာသိမ်တော်ကြီး)က ဂုဏ်ပြုလွှာ ပြန်လည် ချီးမြှင့်တော်မူစဉ်။ (က-ပ)

## တောင်ကြီးမြို့ သဲဥကန် သုံးကန် စုပေါင်းသန့်ရှင်း

**တောင်ကြီး မတ် ၁၀**

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂ ရက်က တောင်ကြီးမြို့ ပန်းတင်ရပ်ကွက်ရှိ မြို့ရေပေးဝေရေး ကန်ဖြစ်သည့် သဲဥကန်သုံးကန်၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(နယ်စပ်/စည်ပင်)**

ရန်ကုန်တိုင်း သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် နဝရတ်လမ်းအမှတ် (၉) ရွှေသပြေရိပ်မွန်နေ ဦးမြင့်သိန်း (၇၅) နှစ် ပြည့် စိန်ရတု မွေးနေ့နှင့် ဒေါ်ခင်ရီ (၆၄) နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၅၀၀၀၀၊ တိုးချဲ့ကျောင်းတော် ထိန်းသိမ်းရေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၊ တိပိဋကကျောင်းတော် ရေ၊ မီး၊ ဆွမ်း၊ ဆေး၊ စာအောင်၊ ပစ္စည်းလေးပါးပဒေသာပင်အတွက် ငွေကျပ်၂၇၀၀၀၀နှင့် စစ်ကိုင်း-ဝါးချက်ကားလမ်းအတွက် ငွေကျပ် ၅၀၀၀၀ စုစုပေါင်း အလှူငွေကျပ်ငါးသိန်းကို ဝိနယကောဝိဒဆရာတော် ဘဒ္ဒန္တအရိယမဏ္ဍ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဒုတိယဉက္ကဋ္ဌ ဆရာကြီးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ကြက်ခြေနီလုပ်ငန်း ရှင်သန်ဖွံ့ဖြိုးရေး သင်တန်းဖွင့်

ဟားခါး ဧပြီ ၁

**ချင်းပြည်နယ် ဟားခါးမြို့ ကျောင်းကြက်ခြေနီလုပ်ငန်း ရှင်သန်ဖွံ့ဖြိုးရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၃၀ ရက် နံနက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူး ဒေါက်တာလှဖေ၊ ချင်းပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ပြည်နယ် ရဲတပ်ဖွဲ့မှူးရဲမှူးကြီးဝင်းကြည်၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်အောင်ကျော်နှင့် ဝန်ထမ်းများ၊ ပြည်နယ် ပညာရေးမှူး ဦးမြင့်ဆွေ၊ ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်နှင့် ထန်တလန်မြို့နယ်တို့မှ ကျောင်းဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

### ရည်ရွယ်ချက်

ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်း အကျိုးဆောင် ဒေါက်တာလှဖေက အဖွင့်အမှာစကား ပြောကြားပြီး ချင်းပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်အောင်ကျော်က ကျောင်းကြက်ခြေနီ လုပ်ငန်းရှင်သန်ဖွံ့ဖြိုးရေး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူး ဒေါက်တာလှဖေက ချင်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်အောင်ကျော်ထံသို့ ကြက်ခြေနီ အမှတ်တံဆိပ် ကျောက်ခဲပန်းချီကားကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



ပဲခူးမြို့ ဝိနယဓိက ပရိယတ္တိအသင်းကြီး၏ (၆၁)ကြိမ်မြောက် ပါရဂူ ဓမ္မာစရိယ စာအောင် ဆရာတော်များအား ဘွဲ့တံဆိပ်၊ အောင်လက်မှတ်နှင့် ဓမ္မပူဇာဆက်ကပ်လှူဒါန်းပွဲကို မတ် ၂၇ရက်က ပဲခူးမြို့ သနပ်ပင်လမ်း ဘုရားဈေးရှေ့ ဝေဇယန္တာကျောင်းလမ်းရှိ အာယုဝမုနသံဃာ့ဆေးပေးခန်း ဓမ္မာရုံတွင်ကျင်းပရာ အလှူရှင် ဦးကြည်လင်း(စိန်ဘယက်)က စာအောင် သံဃာတော်တစ်ပါးအား ဘွဲ့တံဆိပ်၊ အောင်လက်မှတ်နှင့် ဓမ္မပူဇာများကို ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ အသိပညာပေးဟောပြော၊ အဆိုပြုလွှာပေးအပ်

မုံရွာ မတ် ၂၄

**စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ အသိပညာပေး ဟောပြောပွဲ၊ အမျိုးသမီး ရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် အသိအမှတ်ပြုကတ်ပြား၊ ရင်ထိုးတံဆိပ် ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၅ရက် နံနက်၁၀နာရီက မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်က အမျိုးသမီးရေးရာအကြောင်းသိကောင်းစရာများ ဟောပြောသည်။

### ဟောပြော

ဆက်လက်၍ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်ချိုချိုဆင့်က လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်းကို လည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဒေါ်ဖြူဖြူတင့်က ဥပဒေအကြောင်းအရာများကိုလည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် မုံရွာတက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါ်ခင်ခင်လေးက မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးမှုနှင့် ပတ်သက်၍လည်းကောင်း ဟောပြောကြသည်။

### အဆိုပြုလွှာ

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူထံ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၇၅၂စောင်ကို မုံရွာတက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါ်ခင်ဘုန်းမြင့်က ပေးအပ်သည်။

### ပေးအပ်

ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မြမြင့်သူက အမျိုးသမီးရေးရာအဖွဲ့ဝင် အသိအမှတ်ပြုကတ်ပြား၊ ရင်ထိုးတံဆိပ်များကို ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး ရုပ်မြင်သံကြားပြစက်၊ စာအုပ်နှင့်ငွေပဒေသာပင်စိုက်ထူ

**ကျောက်ဆည် မတ် ၁၅**

ကျောက်ဆည်ခရိုင် ဟံမြင့်မိုရ်ကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်သို့ ရုပ်မြင်သံကြားပြစက်၊ စာအုပ်နှင့်ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို မတ် ၄ရက် မွန်းလွဲ ၁နာရီက အဆိုပါ ကျေးရွာရှိ ရွှေကျောင်းကျောင်းတိုက် ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး လုပ်ငန်းစဉ်များဆွေးနွေးသည်။

ဆက်လက်၍ ဟံမြင့်မိုရ်ကျေးရွာ လူမှုရေးအသင်းအဖွဲ့နှစ်ခုတို့က ငွေကျပ် ၁၅၀၀၀၀တန်ဖိုးရှိ ၂၁လက်မရောင်စုံ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ မြမြင့်မိုရ် ဆန်စက်ပိုင်ရှင် ဦးကြည်ခင်-ဒေါ်အေးအေးယုတို့က ငွေကျပ်၃၀၀၀၀ နှင့် ကျန် အလှူရှင် ၃၅ဦးတို့က ငွေကျပ် ၁၅၅၀၀၀ကို စာကြည့်တိုက်အတွက် ငွေပဒေသာပင် စိုက်ထူကြပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံတို့ကို လှူဒါန်းကြရာ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်နိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

မော်လမြိုင်မြို့ ကျိုက်သလွံ့စေတီပရိဝုဏ်အတွင်းဘက်စုံပြုပြင်တည်ဆောက်ရန် မတ် ၁၆ ရက်က ဖခင်ဦးစိန်ဖေ-မိခင် ဒေါ်မြတ်တင်အားရည်စူး၍မော်လမြိုင်နေ ဦးအေးထွန်း(အကြောပညာရှင်)-ဒေါ်မြင့်မြင့်ရီမိသားစုက ငွေကျပ်နှစ်သိန်းလှူဒါန်းရာဘဏ္ဍာရေးမှူးဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

**ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ရေထွက်ဦးလမ်း ကတ္တရာခင်းခြင်းကို မတ်၆ ရက်က အမှုဆောင်အရာရှိ ဦးဝင်းဖေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ကျော်သူတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။**

(နယ်စပ်/စည်ပင်)

## သုံးခွမြို့၌ စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေး ကျေးရွာကိုးရွာအတွက် စာအုပ်မျိုးစုံပေးအပ်လှူဒါန်း

**သုံးခွ မတ် ၂၀**

သုံးခွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက် ရေရှည် တည်တံ့ရေးလုပ်ငန်းရှင်းလင်းပွဲကို မတ် ၁၁ ရက်က သမစိတ္တာကျေးရွာ အမက၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ် ဦးစီးမှူး ဦးညွန့်ရွှေက စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ၊ လိုအပ်ချက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာကိုးရွာအတွက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရွှေနိုင်ငံဂျာနယ်နှင့် စိမ်းလဲ့ရွှေပြည်စာစောင်၃၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ်မျိုးစုံ ၉၇၅အုပ်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းကကျေးရွာများကိုယ်စား အောင်ပန်းစိန် ကျေးရွာဥက္ကဋ္ဌ ဦးလင်းထံသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**နှစ်ဖက်မိဘများအား အမှူးထား၍ မင်းပိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်းနေ ဦးမြင့်ဆွေ(ခ)ဦးလဘိုင်က တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌဦးထွန်းကြိုင်က လက်ခံယူစဉ်။** (၃၈၀)

## နွားထိုးကြီးမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

နွားထိုးကြီး မတ် ၂၀

**မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပဲချက်အရှေ့ရွာ ဘဝမီးအိမ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် စာဖတ်ရှိန်မြင့်မားရေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁ရက် နံနက် ၁၀နာရီက ကျင်းပသည်။**

**ဆွေးနွေး**

အခမ်းအနားတွင် စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက စာဖတ်ရှိန်မြင့်မားရေးပြောကြားပြီး စာကြည့်တိုက်ရေရှည်တည်တံ့ရေး အလေးပေး ဆွေးနွေးသည်။

ထို့နောက် မန္တလေးမြို့နေ အလှူရှင် ဦးကံဆယ်က စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေးနှင့် ကျေးရွာဖွံ့ဖြိုးရေး ဆွေးနွေးသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မိုးလုံလေလုံခန်းမရှေ့တွင် မြေယာရှုခင်း အလှဆင်ထားပုံကို မတ် ၆ ရက်က တွေ့ရစဉ်။ (ပြည်နယ်စည်ပင်)

**လှူဒါန်း**

ဆက်လက်၍ ပဲချက်ကျေးရွာ အထက(ခွဲ)အတွက် ကျောင်းသုံးစာအုပ်များကို ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက လည်းကောင်း၊ စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များကို ဦးတင်စိုးနိုင် (ကိုယ်စား) ဦးဖုန်းကျော်ကလည်းကောင်း၊ ဦးကံဆယ် (မထသ မန္တလေး)က စာအုပ်များကို လည်းကောင်း လှူဒါန်းကြသည်။

ယင်းနောက် ဘဝမီးအိမ် စာကြည့်တိုက်အတွက် လစဉ်ထောက်ပံ့ငွေ ခြောက်လစာအတွက် ငွေကျပ် ၃၀၀၀၀ ကို ဦးကံဆယ်က ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**



**မွန်ပြည်နယ် ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း မြို့သာယာလှပရေးနှင့် မြို့ပြကျေးလက် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများ သတ်မှတ်လျာထားချက်အတိုင်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၉ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသည့် အရိပ်ရပင်နှင့် ပန်းအလှပင်များကို ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

## အကြိမ် ၁၀၀ မြောက် သွေးလှူဒါန်း

**ရန်ကုန် ဧပြီ ၆**

ကျောက်တန်းမြို့ လမ်းမတော်လမ်းနေ ဦးဝင်းဖေ (လူမှုထူးချွန်ပထမဆင့်) **(အပေါ်ပုံ)**သည် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်တွင် ဧပြီ၂ရက်က အကြိမ် (၁၀၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

## မင်းပြားမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

**မင်းပြား မတ် ၂၂**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းမောင်၊ ဈေးတာဝန်ခံ ဦးစံရွှေသာနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိ ဈေးဖများနှင့် ဈေးသူဈေးသားများ စုပေါင်း၍ မတ်၁၀ရက်က စည်ပင်သာယာမြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် လက်တွေ့သရုပ်ပြ ဇာတ်တိုက် လေ့ကျင့်မှုများကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## အုတ်ဖိုမြို့နယ်ဆေးရုံတွင် ဆေးကုသခံယူနေသော လူနာများအား ထောက်ပံ့ငွေများပေးအပ်

**အုတ်ဖို မတ် ၃၁**

ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၏ ကြီးကြပ်မှုဖြင့် သာယာဝတီခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေသက်ခိုင်နှင့် အဖွဲ့သည် မတ် ၂၀ရက် နံနက် ၁၀ နာရီက အုတ်ဖိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပညာပေးဟောပြောပွဲများကျင်းပရာ အုတ်ဖိုမြို့နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနေသော လူနာ ၁၃ဦးအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ထို့အတူ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ငွေစန်းအောင် ဦးဆောင်သော မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုးအထူးကုဆရာဝန်ကြီးများနှင့် ခရိုင်ဆရာဝန်ကြီးတို့က မြို့နယ်ဆေးရုံတွင် ဝေဒနာရှင် ၅၉၂ဦးအား ဆေးဝါးအခမဲ့ ကုသပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

**ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ် ဝေဠုဝန်လမ်းကျယ်နေ ဒုတိယရဲမှူး (ငြိမ်း) ဦးစောမောင်-ဒေါ်ရီရီနှင့် ဒုတိယရဲမှူး စန်းဝင်း - ဒေါ်ယဉ်ယဉ်သီ၊ ဦးမျိုးထွန်း-ဒေါ်ရွှေမာ၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်-ဒေါ်သီတာချို မိသားစုတို့က သုံးထပ်တိုးဘွားဆောင် အဆောက်အအုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## မီးသတ်ဝတ်စုံပေးအပ်ပွဲ ကျောင်းကုန်းမြို့၌ ကျင်းပ

**ကျောင်းကုန်း ဧပြီ ၄**

အမှတ်(၂)ရပ်ကွက် စေတနာရှင်များက လှူဒါန်းသည့် မီးသတ်ဝတ်စုံ ၂၇ စုံကို မြို့မ အရန်မီးသတ်တပ်ဖွဲ့ တပ်စု(၁)အား ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁ရက် ညနေ၅နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် မြို့မ အရန်မီးသတ်တပ်ဖွဲ့ တပ်စု(၁) ရုံးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်တပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်အေး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းထွန်းတို့က အမှာစကား ပြောကြားကြသည်။

**ပေးအပ်**

ထို့နောက် မီးသတ်တပ်ဖွဲ့ မီးသတ်ဝတ်စုံ ၂၇ စုံကို အလှူရှင်များ ကိုယ်စား ဦးတင်ထွန်းက ပေးအပ်ရာ တပ်စု(၁) တပ်စုမှူးဦးအေးမြင့်က လက်ခံရယူကြောင်း သိရသည်။ **(ယာပုံ)**

**(၂၆၅)**

**ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန**
**(အောက်မြန်မာပြည်)**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

**e- Education Learning Centre**

**သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်**

**(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ**
**(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ**

၉-၄-၂၀၀၇ (တနင်္လာနေ့)
- ❑ Elemental Analysis Using EDXRF
  - မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူသင်တန်းများနှင့် ဘွဲ့ကြိုသင်တန်းသားများ
- ❑ Computer Aided Teaching for Nuclear Physics
  - မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူသင်တန်းများနှင့် ဘွဲ့ကြိုသင်တန်းသားများ

၁၀-၄-၂၀၀၇ (အင်္ဂါနေ့)
- ❑ Systems of Ordinary Differential Equations
  - မဟာသိပ္ပံ၊ ပထမနှစ်နှင့် ဒုတိယနှစ် သင်တန်းသားများ
- ❑ The Diversity of Life on Earth
  - မဟာသိပ္ပံ၊ ဒုတိယနှစ်သတ္တဗေဒနှင့် Environmental Studies သင်တန်းသားများ

၁၁-၄-၂၀၀၇ (ဗုဒ္ဓဟူးနေ့)
- ❑ Introduction to Plant Biotechnology
  - ပထမနှစ်ရုက္ခဗေဒ၊ ဒုတိယနှစ် မဟာသိပ္ပံ၊ ပထမနှစ် Biotechnology ကျောင်းသား ကျောင်းသူများ
- ❑ မြန်မာ့ရတနာပတ္တမြားနီလာ၏ ဘူမိဗေဒ
  - ဘူမိဗေဒကျောင်းသား ကျောင်းသူများနှင့် ကျောက်မျက်ပညာလေ့လာလိုက်စား စိတ်ဝင်စားသူများ

၂၂-၄-၂၀၀၇ (တနင်္ဂနွေနေ့)
- ❑ လယ်ထွန်မင်္ဂလာ
  - ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ဥမ္မာဒန္တီပျို့
  - ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ နိုင်ငံတော်မျက်နှာ
  - ပထမနှစ် အထူးပြုအားလုံး
- ❑ နာခံတော်ဝတ္ထု
  - ပထမနှစ် မြန်မာမှုအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ သင်္ကြန်အခါ အလံတိုင်ဘုရားမှာ
  - ပထမနှစ် မြန်မာမှုအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ရှင်ပြုပွဲ
  - ပထမနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ပညာရေးဆိုင်ရာ မင်္ဂလာများ
  - ပထမနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ပါဠိဘာသာနိဒါန်း
  - ပထမနှစ် အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိကဗေဒ၊ ရသစာပေ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ဗျည်းများ
  - ပထမနှစ် အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိကဗေဒ၊ ရသစာပေ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ သရများ
  - ပထမနှစ် အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိကဗေဒ၊ ရသစာပေ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ဗျည်းဆုံးနာမ်၊ သချ်ာနာမ်နှင့် နာမဝိသေသန
  - ပထမနှစ် အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိကဗေဒ၊ ရသစာပေ အထူးပြု ကျောင်းသား ကျောင်းသူများ

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ရေးမြို့ ပြည်သူ့ဆေးရုံ တိုးချဲ့ လူနာဆောင်နှင့် ခွဲစိတ်/သားဖွားနှစ်ထပ်ဆောင် ဖွင့်ပွဲတက်ရောက် ရေးနှင့်မော်လမြိုင်မြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၆

မွန်ပြည်နယ် ရေးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ရေးတပ်နယ်မှ ဗိုလ်မှူးချုပ်ချိုထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဧပြီ ၃ရက် နံနက်ပိုင်းတွင် ရေးမြို့နယ် ပြည်သူ့ဆေးရုံ ခုတင်(၅၀)ဆံ့ တိုးချဲ့လူနာဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ရေးမြို့၌ ရေးမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်လည်းကောင်း၊ နယ်မြေခံတပ်နယ်မှ အရာရှိစစ်သည်နှင့် မိသားစုဝင်များနှင့်လည်းကောင်း အသီးသီး တွေ့ဆုံအမှာစကားပြောကြားပြီး ခြံစည်းရိုးကြက်ဆူပျိုးထောင်ပွဲသို့ တက်ရောက်အားပေးကာ မွန်းလွဲပိုင်းတွင် မုဒုံမြို့နယ် နွေစပါးစိုက်ခင်းနှင့် မော်လမြိုင်မြို့၌ နည်းပညာတက္ကသိုလ်(မော်လမြိုင်) ပင်မဆောင်တည်ဆောက်ရေးစီမံကိန်းတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

## အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် ဧပြီ ၆

**ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ယနေ့ မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## နွေစပါးရိတ်သိမ်းမှု

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မုဒုံမြို့နယ် ဘဲရမ်းကျေးရွာတွင် နွေစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

# ယနေ့ နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲမှုများသည် မျက်ကွယ်ပြု၍ မရသည့် ပကတိအရှိတရားများဖြစ် အရာရာကို မကောင်းသည့်အမြင်ဖြင့် အပြစ်ရှာ ဝေဖန်ပြောဆိုမှု၊ ပုံကြီးချဲ့ လိုရာဆွဲပြောဆိုမှုများ သတိထား

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ **(အောက်ပုံ)**

စာမျက်နှာ ၄ ကော်လံ ၁ ❐